ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (6-10-2005)(၄၇၄၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel, Onechanh Phetsalat အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူး Colonel, Onechanh Phetsalat အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံ နှုတ်ဆက်စဉ်။ (အပေါ်ပုံ) နှင့် လက်ခံတွေ့ဆုံစဉ်။ (ယာပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆-၁၀-၂၀၀၅
(ကြာသပတေးနေ့)

ပြည်သူ့အကျိုးပြုစီမံကိန်းများ တိုးချဲ့တည်ဆောက် အတတ်ပညာစွမ်းအားနှင့် သယံဇာတများပေါင်းစပ်အသုံးပြု

မြန်မာနိုင်ငံသည် ရေ၊ မြေသဘာဝသယံဇာတ ကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်က အဆိုပါ အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ် အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် လျှပ်စစ်စွမ်းအားသည် အဓိကအရေးပါလျက်ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်က တိုင်းပြည်အတွင်း တည်ရှိနေသော သဘာဝစွမ်းအား အခြေအနေပေးမှုများအပေါ် တည်မှီ၍ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာလ ၂ ရက်နှင့် ၃ ရက်နေ့က မန္တလေးတိုင်းခရီးစဉ်အတွင်း မိုးကုတ်မြို့နှင့် မန္တလေးမြို့ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မိုးကုတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ **ရဲရွာရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ ပြည်သူ့အကျိုးပြုစီမံကိန်းကြီးများကို တည်ဆောက်အကောင်အထည်ဖော်ရာ၌ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ဖြစ်နိုင်သမျှသုံးစွဲ၍ အဆင့်အတန်းရှိရှိ တည်ဆောက်သွားနိုင်အောင် ကြိုးစားကြ စေလိုကြောင်း၊ ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ကိုယ်ပိုင်သယံဇာတပစ္စည်းများကို စနစ်တကျ ပေါင်းစပ်အသုံးပြု၍ စီမံကိန်းလုပ်ငန်းများကို တိုးချဲ့တည်ဆောက်သွားနိုင်သည်နှင့်အမျှ တိုင်းပြည်အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း** မှာကြားသွားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ယမန်းကျေးရွာ အနီး၌တည်ရှိပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိမည့် ကွန်ကရစ်တမံတည်ဆောက်၍ မဂ္ဂါဝပ် ၇၉၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်းတွင် ကွန်ကရစ်တမံ တည်ဆောက်ခြင်းလုပ်ငန်းသည် အရေးပါသည့် အစိတ်အပိုင်း တစ်ခုဖြစ်ရာ ဘိလပ်မြေနှင့် ရောစပ်အသုံးပြုမည့် သဘာဝပိုဇိုလန်ထုတ်လုပ်နိုင်ရန် ပိုဇိုလန်စက်ရုံကို တည်ဆောက်ခဲ့သည်။ ယခုအခါ အဆိုပါစက်ရုံ တည်ဆောက်မှုလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီး ပိုဇိုလန်ကုန်ချောများ ထုတ်လုပ်လျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ရဲရွာ-မိတ္ထီလာ ဓာတ်အားလိုင်းဖြင့် မိတ္ထီလာဓာတ်အားခွဲရုံသို့လည်းကောင်း၊ ရဲရွာ-ဘဲလင်းဓာတ်အားလိုင်းဖြင့် ဘဲလင်းဓာတ်အားခွဲရုံသို့လည်းကောင်း ဆက်သွယ်ပြီး ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည့် အချိန်အခါတွင် ပြည်သူ့အကျိုးပြု စီမံကိန်းများ တိုးချဲ့တည်ဆောက်ရာ၌ ကာယဉာဏ ဝန်ထမ်းများက မိမိတို့၏ ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ပြည်တွင်းသယံဇာတပစ္စည်းများကို စနစ်တကျ ပေါင်းစပ် အသုံးပြုဖော်ဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေမင်းကံ မိုးကုတ်ဓမ္မရိပ်သာတရားပွဲ

ရန်ကုန် အောက်တိုဘာ ၅

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးကေသရ(ပခန်းငယ်)သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၄)ရပ်ကွက် သြဇာလမ်းရှိ ရွှေမင်းကံကျောင်း မိုးကုတ်ဓမ္မရိပ်သာတွင် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးအလုပ်စဉ် တရားတော်များကို အောက်တိုဘာ ၈ရက် မွန်းလွဲပိုင်းမှ ၁၇ရက် ညနေအထိ ဟောကြားပြသမည်ဖြစ်ရာ လာရောက်နာကြားအားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

အရှေ့လေ အရှေ့ပြန် အနောက်လေ အနောက်ပြန်

☆ မြန်မာငါကား
ငါ့အားငါကိုး၊ ငါ့အမျိုးငါကြည့်
ငါ့အသိ ငါ့တရား၊ ငါ့စကား ငါ့ဘာသာ
ငါ့နေရာ ငါ့မူလ၊ ငါစည်းချသည်
မဆီမဆိုင်၊ မပိုင်ဝက်မွေး
ဟိုအဝေးက၊ ဘဝမတူ
လေပူပြင်းငွေ့၊ လာမမွှေ့နှင့်
အရှေ့လေ အရှေ့ပြန်
အနောက်လေ အနောက်ပြန်...။

☆ **ငါ့ရန်သူ ငါကြည့်၊ ငါ့အမိငါကာကွယ်**
ငါ့နယ်ငါ့ဒေသ၊ ငါ့အလှငါဆင်
ငါ့သံစဉ် ငါသီ၊ ငါ့နရည်ငါ့စည်း
ငါ့နည်း ငါ့စနစ်၊ ငါချစ်ရမည်
မဆီမဆိုင်၊ မပိုင်ဝက်မွေး
ဟိုအဝေးက၊ ဘဝမတူ
လေပူပြင်းငွေ့၊ လာမမွှေ့နှင့်
အရှေ့လေ အရှေ့ပြန်
အနောက်လေ အနောက်ပြန်...။ ။

နောင်

သစ်တောရေးရာဝန်ကြီးဌာနအတွက် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ပြပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ကျင်းပသည့် သစ်တောရေးရာ ဝန်ကြီးဌာနအတွက် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက ပြည်ပမှဝယ်ယူတင်သွင်းရသည့် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းပစ္စည်းများကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်အောင် ရည်ရွယ်ခင်းကျင်းပြသသည့် ပြပွဲဖြစ်ကြောင်းနှင့် ခင်းကျင်းပြသမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)၌ ကျင်းပသည့် သစ်တောရေးရာ ဝန်ကြီးဌာနအတွက် စက်အရန် ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရေးပြပွဲတွင် ခင်းကျင်းပြသထားသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ဆေးပညာအထူးကုနှီးနှောဖလှယ်ပွဲ

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (၁၂) ကြိမ်မြောက် ဆေးပညာအထူးကုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၁၈ရက်မှ ၂၁ရက်အထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်မည့် ဆရာဝန်များသည် နိုဝင်ဘာ ၁၆ရက်နှင့် ၁၈ရက်အထိ ရုံးချိန်အတွင်း အသင်းရုံးခန်း၌ မှတ်ပုံတင်နိုင်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁၀-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - 'Sources of Economic Statistics in Myanmar. (ဒုတိယနှစ်-စီးပွားရေးပညာအထူးပြု)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံသာပျံပါထက်အာကာ" (အပိုင်း-၁၃)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြဝတီရဲ့မြဝတီ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " တရားရှင်" (အပိုင်း-၁၇)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ အရည်အသွေးကောင်း ကျောက်စိမ်းကျောက်မျက်နှင့်ပုလဲများ ရောင်းချမည်

ပုလဲအတွဲရောင်းချမှု ပြည်ပပုလဲရတနာကုန်သည်များ အထူးစိတ်ဝင်စား

ရန်ကုန် အောက်တိုဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်၉နာရီမှ စတင်၍ ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ မွန်းလွဲ ၁နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေး ကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ကျိုဒိုသတင်းဌာနမှ သတင်းထောက် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ– နိုင်ငံခြား သတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းစာရှင်းလင်းပွဲတွင် ၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကြိုဆို

အဆိုပါအဖွဲ့ဝင်များအား ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ခင်းကျင်း ပြသထားသော မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းမှထုတ်လုပ်သည့်ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်း အချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်း ရုပ်တု ရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီဆိုင်များကိုလည်းကောင်း၊ခန်းမအဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်နှင့် အရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ဈေးပြိုင်စနစ်၊ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း လိုက်လံ ကြည့်ရှုကြရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟို ကော်မတီဝင်များက လိုက်လံရှင်းလင်း ပြသကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြည်တွင်း၊ပြည်ပ သတင်းစာဆရာများ ရတနာဆိုင်များကို ကြည့်ရှုလေ့လာကြစဉ်။ (ကြေးမုံ)

ကျင်းပ

ထို့နောက် ကျောက်မျက်ရတနာ ခန်းမရှိ ဈေးပြိုင်ခန်းမ၌ ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များ က ပြပွဲခင်းကျင်း ပြသရောင်းချရေးနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများအား သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခု ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက် မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သောကျောက် မျက်ရတနာအတွဲများကို တစ်မူထူးခြား စွာတင်ပြရောင်းချသွားမည်ဖြစ်ကြောင်း၊ ပုလဲအတွဲများ ရောင်းချမှုနှင့် ပတ်သက်၍ ပြည်ပမှ ပုလဲရတနာကုန်သည်များ အထူးစိတ်ဝင်စားပြီး ပိုမိုလာရောက် ဝယ်ယူကြမည်ဖြစ်ကြောင်း။

ပြန်ကြားချက်ရရှိ

ယခုနှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ နိုင်ငံပေါင်း ၂၄နိုင်ငံ၊ ရတနာကုမ္ပဏီ ၇၂၁ခုကို ဖိတ်ကြားထားရာ ယနေ့အထိ နိုင်ငံပေါင်း ၁၂နိုင်ငံ၊ ရတနာကုမ္ပဏီ ၆၉ခုမှ ရတနာကုန်သည် ၁၇၂ဦး လာရောက်မည်ဟု ပြန်ကြားချက်များ ရရှိထားကြောင်း၊ သို့ရာတွင် ပြည်ပမှ ရတနာကုန်သည်များ၏ အစဉ်အလာအရ ပြပွဲချိန်ရက်နီးမှလာရောက်ကြသည့်အတွက် ဤပြပွဲသို့ ပြည်ပရတနာကုန်သည် ၇၀၀ ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားကြောင်း။

ယခုနှစ် နှစ်လယ်မြန်မာ့ကျောက် မျက်ရတနာပြပွဲတွင် ပုလဲရတနာအတွဲပေါင်း ၂၇၃တွဲကိုလည်းကောင်း၊ ကျောက်မျက်ရတနာ အတွဲပေါင်း ၁၄၁တွဲကိုလည်းကောင်း၊ ကျောက်စိမ်းအတွဲ ပေါင်း ၂၁၅၄တွဲကိုလည်းကောင်း၊ စုစုပေါင်းကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ ၂၅၆၈ တွဲ တို့ကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်း ထုတ်ပြန်ရေးကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက်အမှာ စကားပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားကြပြီး ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားကာ သတင်းစာရှင်းလင်းပွဲကို ရုတ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အခမ်းအနားတွင် ပြသထားသော ပုလဲအတွဲများအား တွေ့ရစဉ်။ (ကြေးမုံ)



၂၀၀၅ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲ သံအမတ်ကြီးများနှင့် စစ်သံမှူးများလေ့လာ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အသီးသီးလာရောက်ကြည့်ရှု လေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြပွဲ၌ ခင်းကျင်းပြသမှုများကို လိုက်လံရှင်းလင်းပြသကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)



နှစ်လယ် ကျောက်မျက်ပြပွဲ ရတနာကုန်သည် ၇၃၇ဦး လာရောက်ကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ယနေ့စတင်ကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့ ညနေ ၃ နာရီခွဲတွင် ပြပွဲသို့ ပြည်ပနိုင်ငံ ကိုးနိုင်ငံမှ ရတနာကုန်သည် ၁၆၀ နှင့် ပြည်တွင်းရှိ ရတနာကုမ္ပဏီ ၂၃၉ ခုမှ နိုင်ငံသားရတနာကုန်သည် ၅၇၇ ဦး စုစုပေါင်း ၇၃၇ ဦးတို့ လာရောက်ကြည့်ရှုကြသည်။

ယနေ့ စတင်ကျင်းပသော ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် ယခင်ပြပွဲများ၌ ခင်းကျင်းပြသခဲ့သည်တို့ထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ အရေအတွက်ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ပိုမိုစိတ်ဝင်စားကြပြီး အများအပြားလာရောက်ကြခြင်းဖြစ်သည်။ ဆက်လက်၍ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင်လည်း ရတနာကုန်သည်များ ထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် အီရတ်နိုင်ငံသား အချို့အား အပေါင်းပါတပ်ဖွဲ့များက ဖမ်းဆီးထားသည်ကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဏုမြူကိစ္စကို လုံခြုံရေးကောင်စီသို့တင်ပြပါက ရေနံရောင်းမှုရပ်ဆိုင်းမည်ဖြစ်ကြောင်း အီရန်သမ္မတပြောကြား

ဒူဘိုင်း အောက်တိုဘာ ၄

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအားဆိုင်ရာကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့တင်ပြကာ သပိတ်မှောက်မှုများ ပြုလုပ်ရန် စီစဉ်မည်ဆိုပါက အီရန်နိုင်ငံသည် ရေနံရောင်းချနေသည့် အစီအစဉ်များကို ရပ်ဆိုင်းခြင်းဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတမာမွတ် အာမက်ဒိနီရတ်က စနေနေ့တွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု ထုတ် ခါလီတိုင်းသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာ၌ အီရန်သမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

အီရန်နိုင်ငံ၏ အဏုမြူဆိုင်ရာ အဆောက်အအုံများတွင် ထောက်လှမ်းရေးကင်မရာများကို နေရာတကာတွင် ထားရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီအဖွဲ့ (အိုင်အေအီးအေ)၏ စစ်ဆေးမှုကို ခံယူခြင်း စသည့်နည်းများဖြင့် ကမ္ဘာ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လိုက်လျောမှုများ ပြုလုပ်ပေးခဲ့ပြီး ဖြစ်သည်ဟု အီရန်သမ္မတက ပြောကြားခဲ့သည်။

ရည်ညွှန်း

အိုင်အေအီးအေက မကြာသေးမီက ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်တွင် အီရန်ကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြရန်နှင့် သပိတ်မှောက်မှုများ ကြုံရဖွယ် ရှိကြောင်းဟု ဖော်ပြပါရှိခဲ့သည်။ ထိုအိုင်အေအီးအေ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်သည့်ကိစ္စကို ရည်ညွှန်း၍ အီရန်သမ္မတက တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

သုံးသပ်

အီရန်နိုင်ငံကိစ္စကို လုံခြုံရေးကောင်စီသို့ တင်ပြကြမည်ဆိုလျှင် အီရန်သည် ယင်းကို အကျပ်ကိုင်ရန် ကြိုးစားသည့် နိုင်ငံများကို ရေနံကုန်စည်ကိုအသုံးပြု၍ တုံ့ပြန်လာနိုင်ကြောင်း နိုင်ငံရေး ခွဲခြမ်းစိတ်ဖြာလေ့လာသူများက မူလကတည်းက ခန့်မှန်းသုံးသပ်ခဲ့ကြသည်။

အီရန်နိုင်ငံက ယင်း၏ အဏုမြူအစီအစဉ်များမှာ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နှင့် ဥရောပ သမဂ္ဂအဖွဲ့ကမူ အီရန်၏ နျူကလီးယားအစီအစဉ်ကို သံသယဖြစ်ခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ် တိရစ္ဆာန်ရုံရှိ ချင်ပန်ဇီမျောက်ဝံ အိုင်အိုင် သီတင်းလေးပတ်အတွင်း ဆေးလိပ်ပြတ်ပြီ

ဗီအန် အောက်တိုဘာ ၄

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း တိရစ္ဆာန်ရုံမှ ချင်ပန်ဇီ မျောက်ဝံအမ တစ်ကောင်သည် ၁၆နှစ်တာ ဆေးလိပ်စွဲနေသည့် ဒုက္ခမှ ကင်းဝေးအောင် နေနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရှန်ဇီပြည်နယ် ကွင်လင်ဆာဖာရီ တိရစ္ဆာန်ဥယျာဉ်မှ အိုင်အိုင်ဟု အမည်ပေးထားသော အသက် (၂၇) နှစ်ရှိ ချင်ပန်ဇီ မျောက်ဝံမမှာ ဆေးလိပ်မသောက်ဘဲ သီတင်းလေးပတ်ကြာနေပြီးနောက် ဆေးလိပ်ပြတ်သွားခြင်းဖြစ်ကြောင်း တိရစ္ဆာန်ရုံ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ထိုမျောက်ဝံ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားလာသည့်အတွက် ယင်းကို ဆေးလိပ်ဖြတ်ပေးရန် တိရစ္ဆာန်ရုံ အုပ်ချုပ်ရေးပိုင်းက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဆေးလိပ်ဖြတ်နေစဉ်အချိန်အတွင်း ယင်းချင်ပန်ဇီကို ကျွေးနေကျ ထမင်း၊ နို့နှင့် ငှက်ပျောသီးတို့အပြင် အကြော်အလှော်များနှင့် ပေါက်စီကိုပါ ဖြည့်စွက်ပေးကြောင်း၊ ထို့အပြင် တေးဂီတနားထောင်ခြင်း၊ လမ်းလျှောက်ခြင်း စသည့် ကိုယ်လက်လှုပ်ရှားမှုများလည်း ပြုလုပ်စေခဲ့ကြောင်း အမည်ထုတ်ဖော်ခြင်းမပြုသူ ဝန်ထမ်းက ပြောကြားခဲ့သည်။

ယင်းသည် ဆေးလိပ်ဖြတ်ခါစ ရက်များက အော်ဟစ်၍ ဆေးလိပ်တောင်းခဲ့သေးသော်လည်း ဂီတနှင့်အခြားစိတ်ဝင်စားစရာများကို အာရုံဝင်စားသွား သောအခါ တဖြည်းဖြည်းချင်း ဆေးလိပ်ကိုမေ့သွားသည်ဟုထိုဝန်ထမ်းကပင် ဆက်လက်ပြောကြားသည်။

ချင်ပန်ဇီအိုင်အိုင်သည် ယင်း၏ အဖော် မျောက်ဝံအထီး ၁၉၈၉ ခုနှစ်တွင် သေဆုံးသွားပြီးနောက် ဆေးလိပ်စ၍သောက်လာခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ယင်း၏ ဒုတိယမျောက်ဝံ အဖော် သေဆုံးသွားပြီး သမီးမျောက်ဝံမကလေးကို ရှန်ယန်တိရစ္ဆာန်ရုံသို့ ပြောင်းရွှေ့ရန် ခေါ်ယူသွားပြီးနောက် အထီးကျန်နေရသည့်အချိန်၌ ဆေးလိပ်မပြတ်တမ်းသောက်သည့်အခြေအနေသို့ ရောက်ရှိသွားခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ပြည်ထဲရေးဝန်ကြီး၏ညီတော်စပ်သူ ပြန်ပေးများလက်မှပြန်လည်လွတ်မြောက်လာ

ဘဂ္ဂဒက် အောက်တိုဘာ ၄

အီရတ်ပြည်ထဲရေးဝန်ကြီး၏ ညီဖြစ်သူကို သေနတ်သမားများက အောက်တိုဘာ ၁ ရက်တွင် ပြန်ပေးဆွဲခဲ့ပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု ရဲတိုက်ဌာနက အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီး ဘာရန်ဂျာဘော်၏ညီ အာဒူဂျာဗာဆိုလက်ချ်ခေါ် ဘာကီဆိုလက်ချ်ဂျာဘိုသည် ၎င်း အလုပ်လုပ်နေသော ဆေးရုံသို့အသွား ဘဂ္ဂဒက်မြို့အရှေ့ဘက် ဆာဒါးမြို့တွင် လက်နက်ကိုင်အဖွဲ့များက ၎င်းကို ပြန်ပေးဆွဲခဲ့ကြသည်။ ဆာဒါးမြို့တွင် ဩဇာကြီးမားသော ခေါင်းဆောင်တစ်ဦးက ဝင်ရောက်ဖျန်ဖြေပေးပြီးနောက် ၎င်းလွတ်လာခဲ့ခြင်း ဖြစ်သည်ဟု ဆာဒါးမြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းကို သေနတ်သမားငါးဦးက တုပ်နှောင်ပြီး ကားနောက်ခန်းထဲသို့ ထည့်ကာ အဝေးတစ်နေရာသို့ ခေါ်သွားကြောင်း ၎င်း၏ အဖြစ်အပျက်များကို အလ်အာရေးဘီးယားရုပ်သံဌာနသို့ ပြောကြားခဲ့သည်။

၎င်းတို့သည် ကားတံခါးကိုဖွင့်ပြီး သူ့ကိုဇောက်ထိုးချိတ်ဆွဲကာ စတင်ရိုက်နှက်ခဲ့သည်ဟု ၎င်းက ဆိုသည်။

ထိုအချိန်တွင် ဆာဒါးမြို့မှ မာဒီတပ်ဖွဲ့ဝင်များ ဖမ်းဆီးထားရာနေရာသို့ ရောက်ရှိလာပြီးနောက် ၎င်း ပြန်လည်လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မာဒီတပ်ဖွဲ့ဝင်များကို သေနတ်သမားများ တွေ့ရှိသွားပြီးနောက် ၎င်းတို့သည် ကားများဖြင့် ထွက်ပြေးသွားကြသည်ဟု အဖမ်းခံထားရသူက အဖြစ်အပျက်ကို ပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တာဂျီကစ္စတန်တွင် ဘတ်စ်ကားတိုက်မှုဖြစ်ပွား ခရီးသည် ၂၁ ဦးသေဆုံး

အယ်လ်မာအတာ အောက်တိုဘာ ၄

တာဂျီကစ္စတန်နိုင်ငံတောင်ပိုင်းတွင် တနင်္လာနေ့ စောစောပိုင်းက ဘတ်စ်ကားနှစ်စီးတိုက်မိကြရာ ကားပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၂၁ ဦး စလုံးသေဆုံးခဲ့ကြောင်း အင်တာဖက်စ် သတင်းဌာနက ဖော်ပြသည်။

တာဂျီကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဘတ်စ်ကားတစ်စီးနှင့် တစ်စီးတိုက်မိခြင်းဖြစ်ကြောင်း၊ သေဆုံးသူများ၏ အလောင်း ၁၅ လောင်းကိုသာ စိစစ်ဖော်ထုတ်နိုင်ခဲ့ကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။

မော်တော်ယာဉ် မတော်တဆဖြစ်မှုသည် မြို့တော်ဒူရှန်ဘီ၏ တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ကျေးလက်ဒေသတစ်နေရာတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက္ကဆီကိုတွင် 'စတန်' လေမုန်တိုင်းတိုက်ခတ်၊ လူ ၆၅ဦးသေဆုံး

ဗာရာခရုစ်(မက္ကဆီကို) အောက်တိုဘာ ၅

'စတန်' အမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့ ကမ်းခြေတစ်လျှောက်တွင် အောက်တိုဘာ ၄ရက်က အပြင်းအထန် တိုက်ခတ်သွားခဲ့ရာ လူများဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ကြရပြီး ရေနံဆိပ်ကမ်းများ ပိတ်ထားခဲ့ရသည့်အပြင် လူ ၆၅ဦးထက်မနည်းသေဆုံးခဲ့ရသည်။

အဆင့်(၁)သတ်မှတ်ချက်ရှိသည့် အဆိုပါ ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီမိုင် ၈၀နီးပါးနှုန်းဖြင့် ဗာရာခရုစ်မြို့အရှေ့တောင်ပိုင်း ၇၅မိုင်အကွာရှိ ကမ်းခြေတွင် တိုက်ခတ်သွားခြင်းဖြစ်သည်။ ထိုဒေသကို ဖြတ်ကျော်သွားပြီးနောက် အားနည်းကာ အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းသွားသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေအပြင်းအထန်တိုက်ခတ်မှုကြောင့် ပင်လယ်ပိုင်းတွင်ပေါက်ရောက်သော အုန်းနှင့် ကဗွီးပင်များ ကျိုးကျခဲ့ရာ မှောင်နှင့်မည်းမည်းဖြစ်နေသည့် ဗာရာခရုစ်မြို့ လမ်းမများပေါ်တွင် မက္ကဆီကိုရေတပ်သားများက အရဲစွန့်ကာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခဲ့ကြသည်။

ငါးဖမ်းလှေသင်္ဘောများသည် ပင်လယ်ကမ်းခြေတွင် တန်းစီရပ်ထားကြရပြီး မိုးရေများသည် အဆောက်အအုံများ၏ လာသာဆောင်အထိပင် တက်လာသည့်အထိ မိုးလေပြင်းထန်ခဲ့သည်။

လေပြင်း၏ဒဏ်ကြောင့် အိမ်ငယ်ကလေးများ၏ခေါင်မိုးများ လန်ထွက်ကုန်ပြီး လူလေးဦးဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် မြစ်ရေလျှံမှုကြောင့် လူများရာချီ၍ ဘေးကင်း ရာသို့၏ရွှေ့ပြောင်းခဲ့ရသည်။ စတန်မုန်တိုင်း တိုက်ခတ်သွားသည့်အတွက် အလယ်ပိုင်းအမေရိက ဒေသတွင် မိုးကြီးရေလျှံကာ မြေပြိုမှုများဖြစ်ပွားခဲ့သည့်အတွက်လည်းကောင်း၊ ပင်လယ်တွင်း လှိုင်းလေထန်မှု ကြောင့်လည်းကောင်း အနည်းဆုံးလူ ၆၅ဦး အသက်ဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့ ဗုံးပေါက်ကွဲခဲ့သည့်နေရာတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အပေါင်းပါ တပ်ဖွဲ့အချို့နှင့် ဝိုင်းဝန်းကြည့်ရှုနေသူ အီရတ်များကို အောက်တိုဘာ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ကန်တပ်ဖွဲ့ဝင်သေဆုံးမှု အောက်တိုဘာ ၅ရက်အထိ ၁၉၄၄ ဦးရှိ

ဝါရှင်တန် အောက်တိုဘာ ၅

အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့် အပေါင်းပါတပ်များ ဝင်ရောက်ကျူးကျော် သိမ်းပိုက်ချိန်မှ ၂၀၀၅ခုနှစ် အောက်တိုဘာ ၅ရက်အထိ ကာလအတွင်း ယင်းနိုင်ငံတွင် သေဆုံးခဲ့ရ သောကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်းသည် ၁၉၄၄ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန စာရင်းတွင် ဖော်ပြပါရှိသည်။ ဖော်ပြပါဦးရေအနက် ၁၅၁၃ဦးမှာ ခုခံရေးသမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်။ ၎င်းစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားသော အရပ်သား ငါးဦးစာရင်းလည်းပါဝင်သည်။

အီရတ်နိုင်ငံတွင် အဓိကကျသောစစ်ပွဲကြီးများ ပြီးစီးပြီဖြစ်ကြောင်း သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်တွင် ကြေညာခဲ့ပြီးနောက်ပိုင်း ယင်းနိုင်ငံ၌ ဆက်လက်ဖြစ်ပွားနေသော ခုခံ ဆန့်ကျင်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၈၀၁ဦး ဆက်လက်သေဆုံးနေကြရသည်။ ယင်းအနက် ၁၄၀၄ဦးမှာ ခုခံရေးသမားများလက်ချက်ကြောင့် သေဆုံးကြရခြင်းဖြစ်ကြောင်း စစ်ဘက်သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

အီရတ်စစ်ပွဲစတင်ချိန်မှ ယနေ့အထိကာလအတွင်း ဒဏ်ရာရရှိသူ ကန်တပ်ဖွဲ့ဝင်စုစုပေါင်းသည် ၁၄၉၁၂ဦးရှိကြောင်း ကာကွယ်ရေးဌာနသတင်းများတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၅

၂၀၀၆ခုနှစ် မတ်(၂၇)ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

စစ်ချီတေးပြိုင်ပွဲနှင့်ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲ အနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂) ဟူ၍နှစ်ဆင့် သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ဒုတိယ၊တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တေးသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့ အပေါ်တွင် အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးအတွက် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ထို့အပြင် စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊အဖွဲ့အနေဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်းစပ်ထုံးစပ်နည်းစနစ်များနှင့် အညီကိုက်ညီရမည်။ပြိုင်ပွဲဝင် စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီစစ်ရေးတေး အားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်။ မြန်မာ့တေးစပ်ထုံးစပ်နည်းများနှင့်အညီ အပိုဒ်၏ အဆုံးချကာရန်များ တူညီရမည်။ အချိန်လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သောအဆိုနှင့်ပြည့်စုံသော တီးခတ်မှုများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။ပြိုင်ပွဲဝင်ကက်ဆက်တိပ်ခွေ(သို့မဟုတ်) REEL (သို့မဟုတ်) DAT ခွေ တစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်း ယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလိုပေးနိုင်သည်။ ပြိုင်ပွဲဝင်သီချင်းစာသားကို လက်နှိပ်စက် မိတ္တူ(သို့)ကွန်ပျူတာ ၁၀ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်ခွေ (သို့မဟုတ်) REEL (သို့မဟုတ်) DAT တိပ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပြိုင်ပွဲဝင် တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ၂လက်မx၂လက်မ သုံးပုံပူးတွဲပေးပို့ရမည်။ ပဏာမရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်း ကြိုးခွေတိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မြို့နယ်အဆင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းဆင့်ပွားဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် ဆောင်ရွက်ကြရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒလမြို့နယ်တို့၌ မြို့နယ်အဆင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆင့်ပွား ဆရာဖြစ်သင်တန်းများဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တွံတေးမြို့နယ်၊ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒလမြို့နယ်တို့၌ ယနေ့နံနက် ၇နာရီခွဲမှစတင်၍ သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမများ၌ မြို့နယ်အဆင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွား ဆရာဖြစ် သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ဖွင့်လှစ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်၍ သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်တွံတေး မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းက ဖွင့်လှစ်သည့် မြို့နယ် အဆင့် မျိုးဆက်ပွား ကျန်းမာရေး ဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေး ခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွား ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်၍ သင်တန်းနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ရုပ်သိမ်း

ယင်းနောက် မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်မြင့်ရီက မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၂၃၀ကို ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း သည်။

အလားတူ ကော့မှူးမြို့နယ်၊ကွမ်းခြံကုန်းမြို့နယ်နှင့် ဒလမြို့နယ်တို့၌ ဖွင့်လှစ်သော အဆိုပါ သင်တန်းများတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင် လင်းမြင့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရည်ရွယ်ချက် များ အောင်မြင်ရေးအတွက် ဆောင် ရွက်ကြရမည့် နည်းလမ်းများကို အသေး စိတ်ရှင်းလင်းပြောကြားကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၀-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀ အင်္ဂလိပ်သုတေသနနှင့် မျိုးပွားခြံ
၇း၂၅ ပြည်တွင်းသတင်းအကျဉ်း
၇း၃၀ တေးဂီတအစီအစဉ်
၇း၃၅ မြန်မာရုပ်ရှင်ထူးချွန်ဆုများ အကြောင်းသိကောင်းစရာ (အပိုင်း-၁)
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ ရိုးမတောမှ ကျွန်းရတနာများ
၈း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ ရောဂါကင်းဝေးလက်ဆေးပေး
၉း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ လက်ဆင့်ကမ်းဝေဂီတအမွေ (စောင်း)
၁၀း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ တေးဂီတအစီအစဉ်
၁၀း၂၀ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ရေသန့်ဆေးရည်အသုံးပြုရေး ပညာပေးသရုပ်ပြ

ရန်ကုန် အောက်တိုဘာ ၅

သောက်ရေကြောင့်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျှောနှင့်အခြားရောဂါများ မဖြစ်ပွားစေရေးအတွက် သောက်ရေတွင် ရေသန့်ဆေးရည် အသုံးပြုရေး ပညာပေးသရုပ်ပြပွဲကို စက်တင်ဘာ ၂၈ရက်တွင် ဆိပ်ဖြူမြို့ မြို့မအခြေခံ ပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှနှင့်ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆိပ်ဖြူမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများတွင်လည်း ရေသန့်ဆေးရည်အသုံးပြုနည်းများကို ပညာပေး သရုပ်ပြကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၅-၁၀-၂၀၀၅)

ရေး	၂ ဒသမ ၆၀ လက်မ
ဟားခါး	၂ ဒသမ ၃၇ လက်မ
ကော့သောင်း	၁ ဒသမ ၆၅ လက်မ
ဟဲဟိုး	၁ ဒသမ ၃၈ လက်မ
မော်လမြိုင်	၀ ဒသမ ၇၉ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁၀-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ်၊အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အဆိုပြိုင်ပွဲ
၈း၀၅ ၇။ အကပဒေသာ
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၂၀ ၉။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၂၅ ၇။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃)ကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
၅း၃၅ ၈။ ထာဝစဉ်နုလှ မြန်မာ့ဂီတ (အဆိုပညာဘာသာရပ် ဆွေးနွေးခန်း)
၅း၄၅ ၉။ **"အလံလေးတော့ကိုင်ပြပါ" (ဇွဲနိုင်ဝင်း၊ ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၅း၅၅ ၁၀။ မြန်မာစာ မြန်မာစကား
၆း၀၅ ၁၁။ တေးဂီတအစီအစဉ်
၆း၁၅ ၁၂။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၃၀ ၁၃။ ညနေခင်းသတင်း
၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဝက်ပါ" (အပိုင်း-၂၃)**
၇း၃၅ ၁၆။ တေးဂီအစီအစဉ်
၇း၄၅ ၁၇။ သက်ရွယ်စုံညီလူ့ဘောင်ဆီသို့
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁၇)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၅ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၃၂၈၇၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နိုင်ငံတော်က အခြေခံပညာကျောင်းများ ဒေသအနှံ့ ဖွင့်လှစ်ပေးထား ပျမ်းမျှ တစ်မိုင်ခွဲပတ်လည်မှာ အခြေခံပညာကျောင်းတစ်ကျောင်း ဖွင့်နိုင်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)



✧ **ကျောဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် **"ဆရာ"**ဆိုသည့် မြင့်မြတ်သောဂုဏ်ပုဒ်ကို အလေးအမြတ်ပြုရင်း ဆရာများ၏အခွင့်အလမ်းနှင့် အခြေအနေများကို မြှင့်တင်ပေးရန်ဆိုသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်များနှင့် ညှိနေ့ညှိရက်တွင် **"ကမ္ဘာ့ဆရာများနေ့"** အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးက ဂုဏ်ပြုကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ ယခုကဲ့သို့ ကမ္ဘာ့ဆရာများနေ့အခမ်းအနားများကို နှစ်စဉ်မပျက်ဂုဏ်ပြုကျင်းပနေခြင်းမှာ ကောင်းမြတ်သော နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ပေးရာရောက်သကဲ့သို့ မြတ်သောဆရာများကို လေးစားဂုဏ်ပြုကြသည့် မြန်မာ့ရိုးရာမင်္ဂလာမှုတစ်ရပ်ကို ဖော်ဆောင်မြှင့်တင်ပေးခြင်းလည်း ဖြစ်ပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

မြန်မာ့လူ့အဖွဲ့အစည်းတွင် **"ဆရာ"**ဆိုသည့် ဂုဏ်ဒြပ်မှာ မြင့်မြတ်သော အရည်အသွေးများနှင့် တရားကိုယ်အားဖြင့် ပြည့်စုံထားပြီးဖြစ်သည်ဟု ခံယူထားကြကြောင်း၊ မိဘနှစ်ပါးကို ပုဗ္ဗစရိယ လက်ဦးဆရာဟူ၍ တန်ဖိုးထားသတ်မှတ်ကြသကဲ့သို့ ဆရာများကိုလည်း ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် တစ်ဂိုဏ်းတည်းထား ရိုကျိုးကော်ရော် ပူဇော်ကြခြင်းမှာ မြန်မာတစ်နိုင်ငံ တည်းမှာသာရှိသည့် အလွန်လေးစားမြတ်နိုးဖွယ်ကောင်းလှသော အစဉ်အလာဓလေ့ တစ်ရပ်ပင်ဖြစ်ကြောင်း။

သြဇာတိက္ကမရှိ

ဆရာများသည် မြန်မာ့လူ့အဖွဲ့အစည်းတွင်လေးစားထိုက်သည့် သြဇာတိက္ကမရှိသူများအဖြစ်အလေးပေးနေရာထားခံကြရသကဲ့သို့ ရပ်ရွာ၏ စံနမူနာပြပုဂ္ဂိုလ်များဖြစ်စေရန်လည်း မျှော်လင့်ထားကြကြောင်း၊ ထို့ပြင် ဆရာများအနေနှင့် မိမိတို့၏ တပည့် ကျောင်းသူကျောင်းသားများကို စာပေပညာတတ်မြောက်ရုံမျှမက လိမ္မာရေးခြားရှိအောင်၊ ယဉ်ကျေးသိမ်မွေ့အောင်၊ စာရိတ္တကောင်းမွန်အောင် သွန်သင်ဆုံးမ လမ်းမှန်ညွှန်ပြနိုင်သူများအဖြစ်နှင့်လည်း အားထားယုံကြည်လေ့ရှိကြကြောင်း၊ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဆိုသည့် ဂုဏ်ဒြပ်နှင့်အတူ ဆရာ့ကျင့်ဝတ်နှင့် ဝတ္တရားများပါ ယှဉ်တွဲဖြစ်ထွန်းလျက်ရှိနေကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့်လည်း အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများဖြင့် ပညာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပညာရေးမှာ ပဓာနကျလှသည့် ဆရာများ၏ အခန်းကဏ္ဍကိုသာမက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသောဆရာများ၏ ရှေ့ဆောင်လမ်းပြနိုင်မှု အရည်အသွေးနှင့် ဂုဏ်ဒြပ်တို့ကိုပါ အလေးထားထည့်သွင်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ ဖြစ်သည့် UNSCO, UNDP, ILO နှင့်UNICEF တို့၏အဖွဲ့ခေါင်းဆောင်များထံမှ ပေးပို့သော ကမ္ဘာ့ ဆရာများနေ့ စုပေါင်း သဝဏ်လွှာကို လူတိုင်းအတွက် ပညာရေး နိုင်ငံအဆင့် ပေါင်းစပ်ညှိနှိုင်းရေးမှူး ပညာရေးဝန်ကြီးဌာန အမှတ် (၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယခုနှစ်ဆောင်ပုဒ်

ယခု ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် "Quality Teachers for Quality Education; Training for a Stronger Teaching Force"**"ပညာရည်မြင့်မားရေး၊ ဆရာ့အရည်အသွေး မြှင့်တင်ပေး"၊ "သင်ပြစွမ်းအင်တို့အားအင်၊ အစဉ်လေ့ကျင့်စွမ်းအားမြှင့်"**ဆိုသည့် ဆောင်ပုဒ်ကို သတ်မှတ်ထားကြောင်း၊ အရည်အသွေးပြည့်ဝသောပညာရေးကိုဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အချင်းပြည့်မီသည့် ဆရာများလိုအပ်ကြောင်း၊ သင်ကြားမှုစွမ်းအားပိုမိုတောင့်တင်း ခိုင်မာလာစေမည့် လေ့ကျင့်မှုများလိုအပ်ကြောင်း ဖော်ညွှန်းထားခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အခြေခံပညာကဏ္ဍက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ကြီး(၁၀)ရပ်မှာ တတိယလုပ်ငန်းစဉ်အဖြစ်ပါဝင်သည့် **"အခြေခံပညာအရည်အသွေးမြင့်မားရေးလုပ်ငန်းစဉ်"မှာ "ဆရာအတတ်ပညာဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်"**ကိုထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေနှင့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကို ချမှတ်ဆောင်ရွက် လျက်ရှိရာတွင် အခြေခံပညာကဏ္ဍ က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် ကြီး(၁၀)ရပ်မှာ တတိယလုပ်ငန်းစဉ် အဖြစ်ပါဝင်သည့် "အခြေခံပညာ အရည်အသွေးမြင့်မားရေးလုပ်ငန်းစဉ်" မှာ "ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက်" ကိုထည့်သွင်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ။

ပညာသင်ယူမှုအခွင့်အလမ်း တိုးတက်မြင့်မားလာရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်နှင့်အညီ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ တိုးပွားလာသကဲ့သို့ အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများ တိုးတက်မွေးထုတ်နိုင်ရန်ကိုလည်း ဆရာအတတ်သင်ကောလိပ်နှင့် တက္ကသိုလ်များကို တိုးချဲ့ထူထောင်ပြီး ဆရာအတတ်သင်ဘွဲ့၊ ဒီဂရီသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ် ၃၂ ကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ကျောင်းသာရှိခဲ့ရာမှ ယနေ့အချိန်အခါမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း၁၅၆ ကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

တိုးပွားလာ

ထို့ကြောင့် ၁၉၈၈ခုနှစ်မှာ တက္ကသိုလ်သင်တန်းသား ၁၃၈၀၀၀ ကျော်နှင့် အခြေခံပညာကျောင်းသူ၊ ကျောင်းသားငါးသန်း နှစ်သိန်းလေးသောင်း စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား ငါးသန်း သုံးသိန်း ရှစ်သောင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်သင်တန်းသား ခုနစ်သန်းလေးသောင်းရှစ်ထောင်ကျော်နှင့် အခြေခံပညာကျောင်းသူ၊ကျောင်းသားခုနစ်သန်း ခုနစ်သိန်း ကိုးသောင်း၊ စုစုပေါင်း ကျောင်းသူကျောင်းသားရှစ်သန်းငါးသိန်းလေးသောင်းကျော်အထိ တိုးတက်သင်ယူနေပြီဖြစ်ကြောင်း၊ ဆရာ၊ ဆရာမအင်အားကိုကြည့်မယ်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်ဆရာ၊ ဆရာမ ၆၅၀၀ကျော်နှင့်အခြေခံပညာဆရာ၊ ဆရာမ တစ်သိန်း ခုနစ်သောင်းလေးထောင်ခန့် စုစုပေါင်းဆရာ၊ဆရာမတစ်သိန်း ရှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါမှာတက္ကသိုလ်ဆရာ၊ဆရာမ၁၈၀၀၀ကျော်နှင့် အခြေခံပညာ

ဆုချီးမြှင့်

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားတွင် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ၌ ပထမဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ရဲထက်အောင်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ဆရာ၊ဆရာမ နှစ်သိန်းလေးသောင်းကျော် စုစုပေါင်း နှစ်သိန်းခြောက်သောင်းအထိ တိုးပွားလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေနှင့် အခြေခံပညာကျောင်းများကို ဒေသအနှံ့ဖွင့်လှစ်ပေးထားသည့်အတွက် ပျမ်းမျှအားဖြင့် တစ်မိုင်ခွဲပတ်လည်မှာ အခြေခံပညာကျောင်းတစ်ကျောင်းနှုန်း ဖွင့်လှစ်သင်ကြားပေးနိုင်လျက် ရှိနေပြီဖြစ်ကြောင်း၊ အခြေခံပညာကျောင်းအင်အား၏ ၈၉ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသများမှာ ဖွင့်လှစ်ထားပြီး ၂၀၀၄–၂၀၀၅ ပညာသင်နှစ်စာရင်းဇယားများအရ ဆရာအတတ်ပညာသင်ကြားပြည့်ဝပြီးသည့် မူလတန်းပြဆရာ ၉၃ရာခိုင်နှုန်းကျော်ရှိသည့်အပြင် မူလတန်းအဆင့် သင်ဆရာ၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ⇨

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးဖြစ်သည့် ရန်ကုန်ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဒေါက်တာခင်မောင်ဝင်းအား ဂါရဝပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးဖြစ်သည့် ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဒေါက်တာမောင်ဒီအား ဂါရဝပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

ကျောင်းသားအချိုးမှာ ၁အချိုး၃၀ဒသမ၄ ရှိနေပြီဖြစ်ကြောင်း၊ ဆရာအတတ်ပညာကဏ္ဍမှာလည်း ၁၉၈၈ခုနှစ်က ပညာရေးတက္ကသိုလ်တစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ တစ်ကျောင်း၊ ဆရာအတတ်သင်သိပ္ပံလေးကျောင်း၊ ဆရာတတ်သင်ကျောင်း၁၃ကျောင်းစုစုပေါင်းတက္ကသိုလ်၊သိပ္ပံနှင့်ကျောင်း၁၉ကျောင်းသာရှိခဲ့ရာမှ ယခုအခါမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ခု၊ ပညာရေးတက္ကသိုလ်နှစ်ခု၊ ပညာရေးကောလိပ်၂၀စုစုပေါင်းပညာရေးတက္ကသိုလ်နှင့် ကောလိပ်၂၃ခုအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆရာအတတ်သင်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်အတွက် ပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့ စာပေး၊ စာယူသင်တန်း၊ လုပ်ငန်းခွင်အကြိုပညာရေး ဘွဲ့သင်တန်း၊ လုပ်ငန်းခွင်အကြိုဆရာအတတ်သင် သင်တန်းတို့အပြင် ဘွဲ့လွန်လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာ (DTEC)သင်တန်း၊ ဘွဲ့လွန်ဆရာ အတတ်ပညာဒီပလိုမာ (PGDT) သင်တန်း၊ မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန် ဒီပလိုမာ(ပညာရေး) (PGDMA)သင်တန်း၊ မဟာဘွဲ့ရများအတွက် ပညာရေးနည်းပညာ(CET) သင်တန်းများတိုးချဲ့ ဖွင့်လှစ်ပေးနေပြီး မဟာဒသနပညာရေးဘွဲ့၊ မဟာပညာရေးဘွဲ့နှင့် ပညာရေးပါရဂူဘွဲ့များအထိ မြှင့်တင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ယင်းသို့ ဆရာအတတ်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေခြင်းအားဖြင့် ပညာရေးလောကသို့ဝင်ရောက်မည့် ဆရာ၊ ဆရာမများအနေနှင့် နည်းလမ်းအသွယ်သွယ်ကနေ ဆရာအတတ်ပညာအရည်အသွေး ပြည့်ဝမြင့်မားစွာဖြင့် တိုးပွားရောက်ရှိလာစေလျက်ရှိကြောင်း။

အဆင့်မြင့်ပညာကဏ္ဍမှာဆိုလျှင်လည်း တက္ကသိုလ်များ၊ သင်တန်းများ ပိုမိုတိုးပွားလာသည့်အတွက် အရည်အသွေးပြည့်ဝသောဆရာ၊ဆရာမများ ပိုမိုလိုအပ်လာလျက်ရှိကြောင်း၊ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရန် မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများကို တိုးမြှင့်ဖွင့်လှစ်ပေးပြီး သုတေသနလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် တိုးတက်လုပ်ဆောင်နိုင်စေရန် အားပေးဆောင်ရွက်နေကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများကိုဖွင့်လှစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် (One Campus Multi System) စနစ်ဖြင့် တက္ကသိုလ်တည်ရှိရာ ဒေသများမှာ လိုအပ်နေသည့် ပညာရပ်ဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ကမ္ဘာနှင့်အဝန်း တိုးတက်ပြောင်းလဲလာသည့် သိပ္ပံနှင့်နည်းပညာများအရ လျင်မြန်ကျယ်ပြန့်စွာပေါ်ထွန်းလာသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများကိုလည်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာဆရာ၊ ဆရာမများအနေဖြင့် ကွန်ပျူတာအပါအဝင် အီလက်ထရွန်းနစ်စက်ပစ္စည်းများကို သင်ကြား၊ သင်ယူမှုလုပ်ငန်းမှာ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့်အဆင့်အထိ လေ့ကျင့်သင်ယူကြရပြီး ပညာရေးကဏ္ဍသင်ကြား၊ သင်ယူမှုလုပ်ငန်းများမှာ အပြည့်အဝရယူအသုံးပြု သင်ကြားပေးနေပြီဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်များမှာ e-Education Learning Centre, Resource Centre, Computer Training Centre နှင့် Language Laboratory Room များ ဖွဲ့စည်းအသုံးပြုလျက်ရှိသကဲ့သို့ အခြေခံပညာကျောင်းများမှာလည်း Computer Aided Instruction Room, Audio-Visual Room, Language Lab စသည့် မာလ်တီမီဒီယာ စာသင်ခန်းများကို ဖွဲ့စည်းအသုံးပြုလျက်ရှိကြောင်း၊ ယင်းသို့ သင်ကြား၊ သင်ယူမှုအဆင့်ကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် ဆရာ၊ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်တိုင်လေ့လာသင်ယူမှုများကို ပံ့ပိုးကူညီသူများ ဦးဆောင်လမ်းညွှန်မှုပေး ရသည့် Facilitator များအဖြစ် ပြောင်းလဲလာလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို နှစ်စဉ်ပညာရေးနှီးနှောဖလှယ်ပွဲများကျင်းပလျက် ဆွေးနွေးသုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ ဆရာ၊ ဆရာမကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများ၊ ပညာရှင်ကြီးများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်စေလျက်ရှိသည့် အတွက် ပညာရေးမြှင့်တင်မှုအစီအမံများ ချမှတ်ရာတွင်လည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း ဆရာ၊ ဆရာမများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိကြောင်း၊

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပညာရေးလုပ်ငန်းများ၌ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သည့် ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာ ဦးတိုးအောင်နိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဆရာ၊ ဆရာမများအနေနှင့် နိုင်ငံတကာအဆင့်နှင့် လိုက်လျောညီထွေသည့် ပညာရေး အသိအမြင်များ ပြည့်စုံကြွယ်ဝလာပြီး ပညာရေးလုပ်ငန်းများကို ပိုမိုအကျိုးရှိ ထိရောက်စွာတက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်နိုင်လျက်ရှိသည်ကို တွေ့ရှိရပြီဖြစ်ကြောင်း။

ဤလိုအခြေအနေ အချိန်အခါကောင်းတွင် ဆရာ၊ ဆရာမများအနေနှင့် အနာဂတ်ကာလမှာ နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် ယနေ့ ကျောင်းသူ၊ ကျောင်းသားလူငယ်များကို ပညာရည်ထူးချွန်သူများအဖြစ်သာမက ကျောင်းသင်ဘာသာရပ် သင်ခန်းစာများမှာပါရှိသည့် ပညာရပ်များကို ကျောင်းတည်ရှိရာ ရပ်ရွာဒေသ၏ လူမှုစီးပွားရေးဘဝမှာ ဆက်စပ်အသုံးချတတ်အောင်၊ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဒေသ၏ လူမှုစီးပွားရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည်အထိ ဦးဆောင်နိုင်သူ များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း။

အလေးထားဂုဏ်ပြု

လူ့အဖွဲ့အစည်း၏ အသိမ်မွေ့ဆုံးနှင့် အကြီးမားဆုံးလုပ်ငန်းတာဝန်များကို အပ်နှင်းခြင်းခံရသည့် ဆရာ၊ ဆရာမများအနေနှင့် ဖွဲ၊ လုံ့လ၊ ဝီရိယ၊ စွမ်းရည်အပြည့်အဝစိုက်ထုတ်ပြီး အနာဂတ်ကာလမှာ နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများ၊ ကမ္ဘာ့လူရည်မွန်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများမှာ မိမိတို့ဘဝကိုနှစ်မြှုပ်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုလည်း မိဘပြည်သူများဘက်က အသိအမှတ်ပြုအလေးထားဂုဏ်ပြုကြရမှာဖြစ်ကြောင်း။

နှစ်စဉ်ရက်လရှည်ကြာလှသည့် ပညာသင်ကာလတစ်လျှောက်လုံးမှာ ဆရာ၊ ဆရာမများ၏ လေ့ကျင့်သင်ကြားမှုစွမ်းရည်များ အစဉ်ထက်မြက် မြင့်မားနေစေရေးအတွက် ဒေသအာဏာပိုင်များ၊ ပညာရေးစေတနာရှင်များ၊ ဒေသခံမိဘပြည်သူများက ဆရာ၊ ဆရာမများ၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရအောင်၊ တာဝန်ကျရာကျောင်းများမှာ ပူပင်သောကကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရအောင် လက်ရှိအားပေးကူညီပံ့ပိုးပေးလျက်ရှိသည့် အခြေအနေထက် ပိုမိုပြီး မြှင့်တင်ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

သားသမီးသဖွယ်ပြုစု

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိသည့် ဆရာ၊ ဆရာမများအားလုံးကလည်း "မြတ်ဆရာ"ဆိုသော ဂုဏ်ဒြပ်နှင့်လုပ်ငန်းတာဝန်များကို မြင့်မြတ်သော သမ္မာအာဇီဝလုပ်ငန်းအဖြစ် ရွေးချယ်တာဝန်ထမ်းဆောင်နေသူများပီပီ မြတ်ဆရာဆိုသည့် ဂုဏ်ဒြပ်နှင့်လျော်ညီစွာ မိမိတို့ဝန်းကျင် လူ့ဘောင်အဖွဲ့အစည်းမှာ လေးစားအတုယူထိုက်သည့် စံနမူနာပြပုဂ္ဂိုလ်များအဖြစ် ဆရာ့ဂုဏ်သိက္ခာပြည့်ဝမြင့်မားစွာ ရပ်တည်နေထိုင်ပြီး မိမိတို့တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို လိမ္မာယဉ်ကျေးပြီး ပညာဉာဏ်ထူးချွန်ထက်မြက်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်သော နိုင်ငံ့သားကောင်း၊ သမီးမွန်များဖြစ်လာစေရအောင် ရင်မှဖြစ်သော သားသမီးများသဖွယ် ပြုစုပျိုးထောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်ပြောကြားလိုသည်မှာ ယခုကဲ့သို့ ကမ္ဘာ့ဆရာများနေ့မှာ ဆရာ၊ဆရာမများအနေနှင့် ချီးမြှင့်ဂုဏ်ပြုမှုများကို ထိုက်တန်စွာခံယူပြီး အနာဂတ်ကမ္ဘာကို ကောင်းမြတ်မှန်ကန်စွာ ပုံသွင်းပေးနိုင်သူများ၊ ကမ္ဘာကြီး၏အေးချမ်းသာယာမှုကို ဖော်ဆောင်ပေးနိုင်သူများ၊ ကမ္ဘာ့လူနေမှုဘဝကိုမြှင့်တင်ပြောင်းလဲပေးနိုင်သူများ၊ ပိုမိုတိုးတက်သာယာသည့် ဘဝသစ်အဖြစ် ဖော်ဆောင်ပေးနိုင်မည့် အသိပညာတံခါးကို ဖွင့်လှစ်ပေးနိုင်သူများ၊ ကမ္ဘာ့လူသားများ၏ ပညာရေးအရည်အသွေးကို မြှင့်တင်ပေးနိုင်သူများအဖြစ်နှင့် မြတ်ဆရာ၏သန့်ရှင်းမွန်မြတ်သည့် ကျင့်ဝတ်နှင့်တာဝန်များကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်ပေးကြပါဟု အလေးအနက်တိုက်တွန်း ပြောကြားသွားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNESCO, UNDP, ILO နှင့် UNICEF တို့၏ အဖွဲ့ခေါင်းဆောင်များထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့်ပေါင်းစပ်ညှိနှိုင်းရေးမှူး ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ဖတ်ကြားသည်။

ယင်းနောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများက **"အိုဘယ့်ဆရာ"** သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၀၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီး လေးဦးနှင့် ထူးချွန်ဆရာ၊ ဆရာမသုံးဦးတို့ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ၂၀၀၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးလေးဦး၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပညာရေးအရည်အသွေးမြင့်မားရေးတို့အတွက်စွမ်းဆောင်ခဲ့မှုများတွင် ထူးချွန်ဆရာ၊ ဆရာမသုံးဦးတို့၏ ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

လူပီသတဲ့လူဆိုရင် သေးငယ်တဲ့သိက္ခာ

မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့။

ကျွန်မတို့ဟာ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေတဲ့သူများအပေါ် အကူအညီမပေးဘဲ အလုပ်ပျက်အောင် ကဖျက်ယဖျက်လုပ်နေတဲ့သူများကို **"မကူညီချင်နေပါ မနှောင့်ယှက်ပါနဲ့"**လို့ ပြောတတ်ပါတယ်။ အခုလဲ ကိုယ့်နိုင်ငံအတွက် ကိုယ့်ဘာသာကိုယ်အားခဲပြီး လုပ်သင့်တာကိုလုပ်နေတဲ့ ကျွန်မတို့ကို မဟုတ်တမ်းတရမ်းတွေပြောပြီး နှောင့်ယှက် နေတဲ့အုပ်စုထဲက ချက်သမ္မတနိုင်ငံက သမ္မတဟောင်း Vaclav Havel နဲ့ Bishop Desmond Tutu ဆိုသူတို့ကို ကျွန်မက"ရှင်တို့ဟာ မြန်မာနိုင်ငံသားများကို မကူညီချင်ဘူးဆိုတာ သိတယ်၊ ကိုယ့်သိက္ခာကို ကိုယ်စောင့်ထိန်းတဲ့အနေနဲ့ မနှောင့်ယှက် ကပါနဲ့"လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံသားများကို မကူညီချင်ပေမယ့် ကူညီချင်သယောင်ဆောင်နေတာဟာလဲ တစ်ဦးတစ်ယောက်နဲ့ တစ်အုပ်စုကောင်းစားရေးအတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကို အပြောကတစ်မျိုး၊ အလုပ်တစ်မျိုး ဖြစ်နေတာတွေကြောင့် သိသာနေပါတယ်။

အဲသည်လူကြီးမင်းနှစ်ဦးက မြန်မာနိုင်ငံကို ကဖျက်ယဖျက်စကားတွေနဲ့ စွပ်စွဲပြောဆိုထားတဲ့ စာတမ်းတစ်စောင်ထုတ်ပြန်လိုက်ပါတယ်။ အဲသည် စာတမ်းကတော့ မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို လှုံ့ဆော်ထားတဲ့စာဖြစ်ပါတယ်။

စာတမ်းထဲမှာ ဘာတွေပါတယ်ဆိုတာကို မဖတ်ခင် မျက်နှာဖုံးမှာကတည်းက အဲသည်လူကြီးမင်းနှစ်ဦးတို့ဟာ တစ်ဖက်စောင်းနင်း ပြောဆိုတတ်တဲ့သူတွေဆိုတာ သိလိုက်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြန်မာနိုင်ငံအကြောင်းကို မပြောခင် သူတို့က မြန်မာနိုင်ငံဆိုတဲ့အမည်ကို မသုံးနိုင်ဘူးလို့ ငြင်းဆိုပါတယ်။ မြန်မာဆိုတဲ့အမည်အစား ဘားမား (Burma) လို့ပဲသုံးမယ်လို့ ဆိုပါတယ်။ သူတို့က NLD က ခေါင်းဆောင်တွေက မြန်မာဆိုတဲ့အမည်ကို လက်မခံလို့ သူတို့က မသုံးတဲ့အကြောင်းကို တင်ပြထားပါတယ်။ ၁၉၉၀ပြည့်နှစ်က ရွေးကောက်ပွဲမှာ မဲအများဆုံးရခဲ့တယ်ဆိုတာကို မကြာခဏ ညွှန်းဆိုခဲ့တဲ့အုပ်စုကလဲ သူတို့က လက်ရှိအစိုးရကို ဆန့်ကျင်မှသာ သူတို့ကို နည်းအမျိုးမျိုးနဲ့ ထောက်ပံ့နေကြတဲ့ ဆရာကြီးများက ကြည်ဖြူမယ်ဆိုပြီး မြန်မာဆိုတဲ့အမည်ကို ငြင်းဆိုခဲ့ကြတာ ဖြစ်ပါတယ်။ ဆရာကြီးများကလဲ သူတို့က ဘောင်းတော်ညိတ်ရင် စိတ်တော်သိကြတဲ့သူများကို တင်တဲ့အနေနဲ့ **"မြန်မာ"**ဆိုတာ အခုလက်ရှိ အစိုးရက ၎င်းတို့အကျိုးအတွက် သုံးစွဲတဲ့အမည်ဖြစ်လို့ သူတို့က မသုံးစွဲနိုင်ဘူး။ (Burma) ဆိုတဲ့အမည်ကိုပဲ ဆက်လက်သုံးစွဲမှာ ဖြစ်တဲ့အကြောင်း တင်ပြထားပါတယ်။

၁၉၉၀ဆိုတာ ၁၉၈၈လို ကြောက်စရာကောင်းတဲ့ မင်းမဲ့စရိုက်စိုးမိုးတဲ့ အချိန်နဲ့ နှစ်နှစ်သာကွာခြားပါတယ်။ လူအများစုစိတ်မှာ ဘာက အကောင်း၊ ဘာက အဆိုး ဆိုတာကို သေသေချာချာ မဝေဖန်မပိုင်းခြားနိုင်သေးလို့ မဲမပေးဘဲနေတဲ့ သူက များပါတယ်။ မဲပေးတဲ့သူဆိုတာကလဲ နိုင်ငံရေးစနစ်တစ်ခုကို အပြောင်းအလဲ လုပ်ချင်တာပဲ သိပါတယ်။ တပ်မတော်အစိုးရက ၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တရားအမျှတဆုံး၊ အလွတ်လပ်ဆုံးဖြစ်အောင် ကြီးမှူးကျင်းပပေးခဲ့ပါတယ်။ အဲဒီတုန်းက မဲပေးပိုင်ခွင့် ရှိသူဦးရေက ၂၁ သန်းနီးပါး (၂၀၈၁၈၃၁၃)သာ ရှိခဲ့ပြီး လာရောက် မဲပေးသူဦးရေက ၁၅သန်းကျော် (၁၅၁၁၂၅၂၄)သာ ရှိခဲ့ပါတယ်။ NLD က ဆန္ဒမဲ (၇၉၃၄၆၂၂)မဲ ရရှိခဲ့လို့ မဲပေးပိုင်ခွင့်ရှိသူ ဦးရေရဲ့ ၃၁ရာခိုင်နှုန်းသာ မဲရရှိခဲ့ခြင်းသာ ဖြစ်ပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံရဲ့ ခန့်မှန်းလူဦးရေက သန်း၄၀နီးပါးရှိခဲ့ပါတယ်။ အဲသည်တော့ NLD က ရွေးကောက်ပွဲမှာ မဲအများဆုံးရတယ်ဆိုတာနဲ့ လူထုထောက်ခံမှုကို အများဆုံးရတယ်လို့ ယူဆမှုဟာ မမှန်ပါဘူး။ ရှေ့မီနောက်မီလူကြီးများက အဲသည်အဖွဲ့ကို မကြိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခေါင်းဆောင်လုပ်တဲ့သူကလဲ မိမိမွေးဖွားခဲ့တဲ့ မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်မှာ မိမိကိုယ်တိုင် ဝင်ရောက်ပြီး တာဝန်ယူရမယ်ဆိုတဲ့ စိတ်ထားရှိခဲ့တဲ့ပုံကို ဘယ်တုန်းကမှ မပြခဲ့ပါဘူး။ ဘယ်လိုကြိုတင်စဉ်းစားပြင်ဆင်ခြင်းကိုမှ မလုပ်ခဲ့ဘဲ စိတ်ပျော်သလိုနေခဲ့ပြီးမှ သူ့မိခင်ဆုံးပါးခါနီး မြန်မာနိုင်ငံပြန်အလာမှာ မြန်မာနိုင်ငံ အခြေအနေ ယိုယွင်းနေတာနဲ့ တည့်တည့်တိုးပြီး ထိုးတင်တာကို ခံလိုက်ရတဲ့သူပါ။ တကယ်တော့ သမိုင်းဖြစ်ရပ်များထဲမှာ တွေ့ရတတ်တဲ့ သားကောင်များစာရင်းဝင် တစ်ယောက်သာ ဖြစ်ပါတယ်။

သေသေချာချာကြည့်လိုက်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာပါတဲ့ အဖွဲ့ဝင်ကြီးများထဲက အများစုဟာ ပါတီပေါင်းစုံမှာ မွေရင်း အပြင်ဘက်ကိုရောက်လာတဲ့သူတွေ၊ အလုပ်ကထုတ်ပယ်ခြင်းကိုခံရတဲ့အတွက် နေရာပျောက်ရာက ပြန်ပြီးနေရာရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ လမ်းစရှာနေတဲ့ သူတွေသာဖြစ်ပါတယ်။ သူတို့က သူတို့အဖွဲ့ရဲ့ခေါင်းဆောင်ကို ခေါင်းဆောင်ရဲ့အရည်အချင်းထက် ခေါင်းဆောင်ရဲ့အမည်ကို သုံးစားလိုတဲ့အတွက် တင်ပေးခဲ့ကြတာဖြစ်ပါတယ်။ နှင်းဆီလို့ခေါ်တိုင်းလည်း ဆူးသာပါပြီး ကြာရှည် ရနံ့မသင်းတဲ့နှင်းဆီတွေ အပုံပါပဲ။

အဲသည်လို မရင့်ကျက်တဲ့ မိမိကိုယ်ကိုမိမိကောင်းစွာ တည်ဆောက်ထားခြင်း မရှိသေးတဲ့ သူတစ်ယောက်ဟာ သူ့ကို တွန်းတင်တဲ့သူများနဲ့လဲ မသင့်တင့်ခဲ့ပါဘူး။ အာဏာမရခင်တောင်မှ တကျက်ကျက်ဖြစ်နေခဲ့တာ မသိချင်မှအဆုံး ဖြစ်ပါတယ်။ ပြီးတော့ စကားစကား ပြောပါများ စကားထဲက ဇာတိပြသတဲ့။ မြန်မာနိုင်ငံ နိုင်ငံရေးကို ဘယ့်လောက်များသိသလဲဆိုတဲ့ မေးခွန်းကို ပြန်ဖြေတာက နည်းနည်းကလေးမှ သိုသိပ်မှုမရှိပါဘူး။ သိလွန်းလို့ ခက်နေတယ်တဲ့။ နိုင်ငံတော်ကိုလဲ ချစ်တဲ့၊ နိုင်ငံရေးသဘောတရားများကိုလဲ အစဉ်တစိုက် လေ့လာလေ့ရှိတဲ့၊ စာဖတ်အားလဲ များတဲ့သူများတောင်မှ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကို ဘယ်လောက်သိသလဲဆိုတဲ့ မေးခွန်းကို ဖြေရမယ်ဆိုရင် ဖြည်းဖြည်းဆေးဆေး လေးလေးနက်နက် စဉ်းစားပြီးမှ သိုသိုသိပ်သိပ် ဖြေဆိုကြမှာပါပဲ။ အကြောင်းကဘယ်လို အကျိုးကဘယ်ပုံ စသည်ဖြင့်ပေါ့။ သိလွန်းလို့ ခက်နေတယ်ဆိုတဲ့အဖြေကို ကြားတဲ့အခါမှာ ကျွန်မနှင်းအေးခိုင်တော်တော် စိတ်ပျက်သွားတာအမှန်ပါပဲ။ နိုင်ငံတော်တာဝန်ကို ဦးစီးခေါင်းဆောင်နေရာကနေပြီး ယူရမယ့် သူတစ်ယောက်ဟာ လေးနက်တည်ကြည်ဖို့ လိုအပ်ပါတယ်။ ငါ့စကားနွားရ မလုပ်သင့်ပါဘူး။ ပြီးတော့ နိုင်ငံတော်ကိစ္စကို ကိုယ်တိုင်ပဲဆုံးဖြတ်သင့်ပါတယ်။ ဆရာကြီး၊ ဆရာမကြီးများရဲ့ ညွှန်ကြားချက်ကိုနာခံပြီးမှ လိုက်ပြောတာ လိုက်လုပ်တာမျိုး မဖြစ်သင့်ပါဘူး။

ရှေ့မီ နောက်မီ လူကြီးတွေက အဲသည်အဖွဲ့ချုပ်ကို မကြိုက်ဖူးလို့ ပြောတဲ့အတွက် လူငယ်တွေကတော့ ကြိုက်မှာပေါ့လို့ ဆွဲပြောမယ်ဆိုရင်လဲ မှားပါတယ်။ ယနေ့လူငယ်များဟာ စာလဲ ဖတ်ပါတယ်၊ နှံ့လဲ နှံ့စပ်ပါတယ်။ သူတို့ကလဲ အဲသည် ဒီမိုကရေစီခေါင်းဆောင်ကို အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်တာကလွဲလို့ အနှစ်ရှိတဲ့စကားကို မပြောတတ်ဘူး။ အခြေအနေကြောင့် နေရာရလာတာကို သိပ်ပြီးစိတ်နေမြင့်ပြီး ကျန်တဲ့သူများကို မောက်မောက်မာမာဆက်ဆံတာ မကောင်းဘူးလို့ ယူဆပြောဆိုကြပါတယ်။

ခေတ်သစ်နယ်ချဲ့များက အဲသည်ခေါင်းဆောင်ကို ကြိုက်နိုင်တဲ့အချက်က တစ်ချက်တည်းပါပဲ။ သူတို့ပြောတာကို နာခံပြီး တစ်ဆင့်ပြန်လည် တင်ပြတတ်တယ်။ သူတို့ချမှတ်တဲ့ လမ်းစဉ်ကို တစ်သဝေမတိမ်းလိုက်နာတတ်တယ်။ အဲသည်တော့ သူ့ကို မွေးထားရင် သူတို့ကိုယ်ထင်ပြစရာ မလိုတော့ပါဘူး။ အဲသည်လို သူတို့စိတ်ကြိုက်လိုက်လုပ်ပေးနိုင်တဲ့ သူတစ်ယောက်ဖြစ်တယ်ဆိုတာနဲ့တင် ကြိုက်နိုင်ခဲ့ကြတာဖြစ်ပါတယ်။

အဲသည်လို အကြောင်းတွေကိုသာ အမြစ်ကလှန်ပြီး ပြန်ပြောနေရရင် ကျမ်းတစ်ကျမ်းနဲ့တောင် မလုံလောက်နိုင်ပါဘူး။ ပြောချင်တာက အဲသည်အသင်းအဖွဲ့ကလူတွေဟာ စိတ်ဓာတ်အားဖြင့် မလွတ်လပ်သေးသူတွေ၊ ကိုယ့်တစ်ကိုယ်တည်း အကျိုး၊ ကိုယ့်အုပ်စုအကျိုးအတွက် မြန်မာနိုင်ငံရဲ့ အသရေကို လျစ်လျူရှုကာ နယ်ချဲ့များရဲ့ စိတ်အလိုကိုလိုက်ပြီး ပြောတတ်ဆိုတတ်တဲ့သူများသာ ဖြစ်တယ်ဆိုတာက ခက်ခက်ခဲခဲ တွေးစရာမလိုဘဲ သဘောပေါက်နိုင်ပါတယ်။

ကျွန်မ နှင်းအေးခိုင်ကတော့ မြန်မာဆိုတာ ပဝေသဏီပေါ်ရာဏစကား ဖြစ်တဲ့အတွက် မြန်မာလို့ပြောင်းလဲပြီး ခေါ်ဆိုရေးသားကြဖို့ ဆုံးဖြတ်လိုက်တာဟာ မြန်မာနိုင်ငံ၏ အသရေကို မြှင့်တင်တဲ့အလုပ်ဖြစ်တယ်ဆိုတာကို ရာဇဝင်ကြောင်းနဲ့ချီပြီး ခိုင်ခိုင်မာမာ ပြောဆိုလိုပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းကောင်းဖြစ်တဲ့ တရုတ်နိုင်ငံဟာ ခရစ်တော်မပေါ်မီကတည်းက မြန်မာနိုင်ငံအတွင်းမှာ မြို့ပြနိုင်ငံများ တည်ထောင်ပြီး နေခဲ့ကြတဲ့ ပျူများနဲ့လဲ အပြန်အလှန် သံစေလွှတ်ပြီး ယဉ်ကျေးမှုအဖွဲ့များလဲ စေလွှတ်ကာ ဆက်ဆံခဲ့ပါတယ်။ အဲသည်ပျူများက ဆင်းသက်လာတဲ့သူများဟာ နောင်သော် မြန်မာလို့ လူသိများလာပါတယ်။ မြန်မာဟူသည်ကား ပျူသားပျူမြေးတည်းဟု မြန်မာရာဇဝင်ကြီးများမှာ ဖော်ပြရေးသားခဲ့ပါတယ်။

တရုတ်လူမျိုးများက မြန်မာနိုင်ငံကို မြန်တျန့်လို့ခေါ်ခဲ့ပါတယ်။ အဲသည်လို ခေါ်တာက ကြာပါပြီ။ သူတို့ရဲ့ ရှေးဟောင်းမှတ်တမ်းများမှာ လက်ရှိမြန်မာနိုင်ငံနယ်နိမိတ်အတွင်းက လူမျိုးများကို **"မြန်"**လို့ ဖော်ပြခဲ့တာလဲကြာခဲ့ပါပြီ။ ကျွန်မတို့မြန်မာနိုင်ငံက စာရေးဆရာကိုယ်စားလှယ်များ ချစ်ကြည်ရေး အလည်အပတ်သွားတဲ့အခါမှာ"မြန်တျန့်ကျော်ကြား တိုက်ပြောင်ထွမ်း"လို့ တရုတ်ဘာသာစကားနဲ့ ခဏခဏဖော်ပြပြောဆိုခဲ့လို့ ကျွန်မအစ်မလို ချစ်ခင်ရသူ စာရေးဆရာမကြီးက ဘာပြောနေတာလဲလို့ မေးကြည့်မိတဲ့ အကြောင်းကိုပြောတော့ ကျွန်မကဟုတ်တယ်၊ မြန်မာနိုင်ငံသားများကို မြန်လို့ တရုတ်လူမျိုးများခေါ်ခဲ့တာ ကြာခဲ့ပြီလို့ ပြောရပါသေးတယ်။

အဲသည်လောက် ရှည်ရှည်လျားလျား မပြောချင်ကြဘူးလို့ဆိုရင်လဲ မြန်မာဆိုတဲ့အမည်ဟာ လွတ်လပ်တဲ့မြန်မာနိုင်ငံအတွက် ကြိုတင်ရေးဆွဲခဲ့ကြတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အခန်း ၁ အပိုဒ် ၁ မှာ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် သမတ(သတ်ပုံမူရင်း)နိုင်ငံဖြစ်သည်။ ထိုနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ရမည်လို့ ရေးသားထားပါတယ်။

အဲသည်လိုဆိုတော့ ဒါက မြန်မာလိုခေါ်တာလေ။ အင်္ဂလိပ်လိုတော့ (Union of Burma)လို့ ခေါ်ခဲ့တာပဲလို့ စောဒကတက်ချင်ပေလိမ့်မယ်။ ကျွန်မကလဲ ဟုတ်ပါတယ်။ မြန်မာလိုခေါ်တာကို အရင်တုန်းက နယ်ချဲ့များဟာ ရောက်လေရာရာမှာ သူတို့အာတွေ့တဲ့ အမည်နဲ့ခေါ်ဆိုခဲ့လို့ အသံထွက်အမှားနဲ့ တွင်သွားတဲ့ ဝေါဟာရတွေကို နိုင်ငံတိုင်းက ပြန်ပြီးပြင်ယူကြရတာပါပဲ။ အရင်တုန်းက ပီကင်းလို့ခေါ်ခဲ့တဲ့ တရုတ် နိုင်ငံရဲ့ မြို့တော်ကို ပေကျင်းလို့ ပြန်လည်ပြင်ဆင်ခဲ့ရသလို သာဓကပြရင်ဖြင့် ကျမ်း တစ်ကျမ်းစာ ဖြစ်သွားနိုင်တဲ့ ပြင်ဆင်ချက်များ ရှိပါတယ်။ အနည်းငယ်တင်ပြချင် တာကတော့ ဆိုင်းယမ်း (Siam)လို့ တွင်ခဲ့တဲ့နိုင်ငံကို ထိုင်း(Thai)လို့ ပြင်ခဲ့တာ ပါပဲ။ စီလုံ (Ceylon) လို့တွင်ခဲ့တဲ့နိုင်ငံကို သီရိလင်္ကာလို့ ပြင်ခဲ့တာပါပဲ။

မြန်မာနိုင်ငံမှာ ဖွင့်ခဲ့တဲ့ အောင်ဘာလေထီလက်မှတ်များကို စုဆောင်းလေ့လာနေတဲ့ ကျွန်မမိတ်ဆွေတစ်ယောက်နဲ့ မြန်မာနိုင်ငံကို ဘားမားလို့ခေါ်မှ ကျေနပ်ကြမယ့် အမေကျော် ဒွေးတော်လွမ်းတဲ့သူတွေနဲ့ နယ်ချဲ့နောက်ဆွဲများနဲ့ ပတ်သက်တဲ့ကိစ္စကို စကားလက်ဆုံ ပြောမိကြပါတယ်။

အဲသည်တော့ သူက သူ့လက်ထဲက ဖိုင်တွဲကလေးကိုဖွင့်ပြီး အထောက်အထားနဲ့ တကွ ခုလိုပြောလာပါတယ်။ "အင်္ဂလိပ်လက်အောက်မှာ ကိုလိုနီဘဝနဲ့နေရတုန်းက အစိုးရထီရုံးကို ၁–၆–၃၈ ရက်နေ့မှာ တည်ထောင်ခဲ့တယ်။ ၁၃–၆–၃၈ရက်နေ့မှာ ထီလက်မှတ်စပြီးရောင်းတယ်။ ရောင်းတဲ့ ထီလက်မှတ်မှာ မြန်မာနိုင်ငံတော်အစိုးရလို့ ပုံနှိပ်ဖော်ပြခဲ့တယ်။ အင်္ဂလိပ်ခေတ်မှာ ထီ(၁၃)ကြိမ် ဖွင့်ခဲ့တယ်။

ဖက်ဆစ်များဝင်လာခဲ့ပြီး ၁၅–၁၁–၄၂ရက်နေ့မှာ ထီဖွင့်တယ်။ ထီလက်မှတ်ပေါ်မှာ ဗမာနိုင်ငံတော်အစိုးရလို့ရေးတယ်။ ၁၉၄၅ခု မတ်လမှာ ဖက်ဆစ်ကိုတော်လှန်ခဲ့တယ်။ အင်္ဂလိပ်များ ပြန်ဝင်လာပြီး ၃၀–၁–၄၇ ရက်နေ့မှာ (၁၄)ကြိမ်မြောက်ထီကို ပြန်ဖွင့်တယ်။ သူတို့ခေတ်မှာ နောက်ဆုံးရပ်ထားတဲ့ (၁၃)ကြိမ်ကို ပြန်ဆက်တဲ့သဘောနဲ့ (၁၄)ကြိမ်မြောက်ထီလို့ သတ်မှတ်တာ ဖြစ်တယ်။ အဲသည်(၁၄)ကြိမ်ကစပြီး လွတ်လပ်ရေးရတဲ့အထိ အင်္ဂလိပ်တွေက မြန်မာနိုင်ငံတော်အစိုးရလို့ပဲ သုံးတယ်"လို့ မြန်မာနိုင်ငံကို မြန်မာလို့ပဲ အင်္ဂလိပ်ခေတ်ကပင် သုံးစွဲခေါ်ဆိုခဲ့ကြတာကို ပြောဖြစ်ကြပါတယ်။

အဲသည်တော့ အထက်မှာဖော်ပြခဲ့တဲ့အတိုင်း မြန်မာလိုတော့ ဟုတ်တာပေါ့လို့ ပြောရင် မြန်မာလိုရေးတာ ဟုတ်ဖို့ပဲလိုတယ်။ တိုင်းတစ်ပါးသားများက မိမိတို့အမည်ကို သူတို့အာတွေ့သလို ပြောဆိုသုံးစွဲနေကြတာကို ပြန်ပြင်နိုင်တဲ့ အချုပ်အခြာအာဏာရှိတဲ့အချိန်မှာ ပြန်ပြင်ရမှာပါပဲ။ အဲသည်လို လိုအပ်လို့ ပြင်ဆင်တာကလဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်း မဟုတ်ပါဘူး။ အဲသည်အထဲကထူးပြီး မြန်မာလိုမြန်မာ ခေါ်ပေမယ့် အင်္ဂလိပ်လိုတော့ (Burma)လို့ပဲ ဆက်သုံးချင်နေတယ်ဆိုရင် အဲသည်လို ဆက်သုံးချင်နေတဲ့ လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေဟာ အင်္ဂလိပ်လိုပြောတဲ့ အကျင့်ကို ပိုကြိုက်တဲ့သူ မြန်မာသွေးစစ်စစ် မြန်မာကိုချစ်တဲ့သူ မဟုတ်ဘူးလို့ ပြောရမှာပါပဲ။

မြန်မာနိုင်ငံကို ဆန့်ကျင်ရမယ်ဆိုရင် ဘယ်နည်းကိုပဲဖြစ်ဖြစ် သုံးမယ့်သူ၊ သိက္ခာမရှိတဲ့သူ၊ သေးသိမ်တဲ့သူ ဖြစ်ရမှာကိုလဲ မကြောက်တဲ့သူများကတော့ စည်းဝိုင်းအပြင်ဘက်ကနေပြီး ခေါ်ချင်သလို ခေါ်ကြမှာပါပဲ။

လူတိုင်းမှာ တူညီတဲ့ယုံကြည်မှု မရှိနိုင်ပါဘူး။ လက်ခံတဲ့သဘောတရားချင်း ဆန့်ကျင်ကွဲလွဲနေတာတော့ ရှိမှာပေါ့။ အဲသည်လို ဆန့်ကျင်နေတဲ့သဘောကို တင်ပြမယ်ဆိုရင်တောင်မှ မိမိသိက္ခာကို မိမိထောက်ထားပြီး သူ့ဘာသာ စာစကားနဲ့အညီ ပြင်ဆင်လိုက်လို့ တွင်နေပြီဖြစ်တဲ့ ဝေါဟာရကို သုံးစွဲရမှာပါပဲ။ အခုထုတ်ပြန်လိုက်တဲ့ တူးတူးနဲ့ ချက်သမ္မတဟောင်းတို့ကတော့ နည်းလမ်းကျကျ ဆန့်ကျင်ချင်တဲ့သူများ မဟုတ်ပါဘူး။ အပြစ်တင်ရတော့မယ်ဆိုတာနဲ့ မိမိစကားကို နာခံမယ့်သူများဘက်ကို လိုက်ပြီး သူတို့ကလက်မခံလို့ မြန်မာနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံလို့ မခေါ်နိုင်ဘူး။ Union of Burma လို့သာ ခေါ်နိုင်မယ် ဆိုတာဟာဖြင့် အင်မတန်မှ သဘောထားသေးတဲ့ သူများဖြစ်တယ်ဆိုတာ တန်းကနဲ သိနိုင်ပါတယ်။ အဲဒါကြောင့် သူတို့ တင်ပြတော့မယ့် အကြောင်းအရာများဟာ မမှန်နိုင်ပါဘူး။ ဓမ္မဓိဋ္ဌာန်လဲ မကျနိုင်ပါဘူးဆိုတာကို သိနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ စကတည်းက ယဉ်သကိုဆိုသလို သူတို့ကြိုက်တဲ့ ခေါင်းဆောင်ကို တွန်းတင်မယ်ဟော့လို့ စိတ်ကူးပြီး မဟုတ်တဲ့အကြောင်းပြချက်နဲ့ မြန်မာလို့ခေါ်ဖို့ ငြင်းခဲ့ကြတာကိုး။

ပြန်လည်ချေပချက်များ

အဲဒီနှစ်ဦးသားက မြန်မာနိုင်ငံကို တယ်ပြီးဖျက်ချင်နေတာကိုး။ အကြမ်းဖက်သမားများကို လက်သင့်ခံထားလို့ ဝင်တိုက်ရပါတယ်လို့ အကြောင်းပြပြီး အမေရိကန်ပြည်ထောင်စုက ဝင်တိုက်ခဲ့တဲ့ အာဖဂန်နစ္စတန်လို နိုင်ငံတောင်မှ မြန်မာလောက် အပြစ်မများဘူးတဲ့။ မြန်မာက အမှတ်ပြည့်ခြောက်ချက်တောင်မှ ရှိသတဲ့။ အဲသည်လို

မြန်မာကို တစ်ဖက်စောင်းနင်း
တစ်ချက်ချင်း ပြန်လည်ချေပလို
ပထမဆုံးအချက်က မြန်မ
ရွေးချယ်တင်မြှောက်ထားတဲ့ အ
စစ်အစိုးရတစ်ခုက ပြည်သူလူ
အစိုးရကို ဖြုတ်ချခဲ့ပါတယ်တဲ့
ပြည်သူလူထုဆန္ဒအရ ရွေးချယ်တ
တပ်မတော်ရဲ့ အကြီးအကဲကို ဖိ
မေတ္တာရပ်ခံခဲ့တာ ဖြစ်ပါတယ်။ အ
တပ်မတော်ကပဲ မကြာခင်မှာ နော
သန့်ရှင်း ဖဆပလနဲ့ တည်မြဲဖဆ
အဖွဲ့က မဲအပြတ်အသတ်ရခဲ့ပါ
လေထုဟာ တယ်ပြီး ပူနေပါလာ
အကွဲအအက်များ ကြားက ထွက်
များနေခဲ့ပါတယ်။ အရွေးခံခဲ့ရ
ထပ်ပြီး ကွဲခဲ့ကြလို့ဖြစ်ပါတယ်။ အ
နိုင်ငံတော်လုံခြုံရေးအတွက် အန္တ
အာဏာသိမ်းပွဲတစ်ခု ထပ်ပြီး
အဲသည်လို ၁၉၆၂ခုနှစ်မှ
၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲ
အားဖြင့် မတူသူများဖြစ်ပါတယ်
၁၉၉၀ ပြည့်နှစ်ကျမှ ရွေးကောက်ပွဲ
ကြောင့် ရှင်းအောင်ပြောရတာ
တပ်မတော်အစိုးရဟာ ၁၉
အလိုကတည်းက ရွေးကောက်ပွဲက
တက်လာမယ့်အစိုးရကို အာဏာ
ပြောကြားခဲ့ပါတယ်။ ဖွဲ့စည်းပုံအ
ရေးဆွဲလို့မရကြောင်း ပါတီစုံ၊ လူ
အပါအဝင် ပြည်သူတစ်ရပ်လုံးရဲ့
ခဲ့ပါတယ်။ ၁၉၉၂ခုနှစ်မှစပြီး အမျိ
ခေါ်ယူကျင်းပပေးခဲ့ပါတယ်။ N
ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ၁၉၉
ကျင်းပခဲ့ပါတယ်။ အစကကောင်း
ခဲ့တဲ့ NLD ကိုယ်စားလှယ်
သူတို့သဘော သူတို့ဆောင်ပြီး အ
၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၉ရက်နဲ့
ကျောခိုင်း ထွက်ခွာသွားခဲ့တာဖြစ်
ဆိုင်းငံ့ထားခဲ့ရတဲ့ အမျိုးသား
နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါ
နေ့ကစပြီး ပြန်လည် ကျင်းပလု
အောင်မြင်စွာ ကျင်းပပေးနေတာ
ဥပဒေသစ်နှင့်အညီ ရွေးကောက်ပွဲ
ပေးဖို့ ဆောင်ရွက်နေတာပဲ ဖြစ်
တူးတူးနဲ့ ချက်သမ္မတဟော
တာပဲ။ သူတို့ရဲ့ ဒုတိယစွပ်စွဲချက်
ဖြစ်ပွားနေတဲ့အတွက် မြန်မာနိုင်ငံ
ဆိုတာ ကိုလိုနီချဲ့ထွင်တဲ့ နယ်ချဲ
ထည့်သွင်းထားခဲ့တဲ့ ဗိုင်းရပ်စ်တစ်ခု
လာခဲ့တာကို ပြန်ပြီးလေ့လာဖို့
နှင်းအေးခိုင်ကတော့ စိတ်
အရ အတွေ့အကြုံစုံခဲ့မှာ အ
စိတ်ဆင်းရဲစရာလဲ အများကြီး
တစ်ပါး ဖြစ်နေသေးတယ်။ အ
လေးစားစွာ ပြောချင်တာကတော့
ရတဲ့သူများကို သနားဖို့၊ ညာတာ
သက်ညှာရာ ထောက်ထားရာမက
အကြိုက်ကိုလိုက်ပြီး ဘယ်နိုင်ငံက
မိမိသိက္ခာကိုမျှမထောက် ပြောရ
နှင်းအေးခိုင်တို့ မြန်မာနိ
အဲသည်လို ပဋိပက္ခမျိုးဟာ ကိုလိုနီ
ပွက်လောထလာတဲ့ လက္ခဏာရပ်
အောင် နိုင်ငံတစ်နိုင်ငံကို သိမ်းပြီ
အချင်းချင်းကြားမှာ သပ်လျှို သွေး
တာပါပဲ။ အဲသည်လို အလုပ်မျိုးကို
မြန်မာနိုင်ငံမှာ တိုင်းရင်းသာ

၁၉၉၀ဆိုတာ ၁၉၈၈လို ကြောက်စရာကောင်းတဲ့ မင်းမဲ့စရိုက်စိုးမိုးတဲ့ အချိန်နဲ့ နှစ်နှစ်သာကွာခြားပါတယ်။ လူအများစုစိတ်မှာ ဘာက အကောင်း၊ ဘာက အဆိုးဆိုတာကို သေသေချာချာ မဝေဖန်မပိုင်းခြားနိုင်သေးလို့ မဲမပေးဘဲနေတဲ့ သူက များပါတယ်။ မဲပေးတဲ့သူဆိုတာကလဲ နိုင်ငံရေးစနစ်တစ်ခုကို အပြောင်းအလဲ လုပ်ချင်တာပဲ သိပါတယ်။ တပ်မတော်အစိုးရက ၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တရားအမျှတဆုံး၊ အလွတ်လပ်ဆုံးဖြစ်အောင် ကြီးမှူးကျင်းပပေးခဲ့ပါတယ်။ အဲဒီတုန်းက မဲပေးပိုင်ခွင့်ရှိသူဦးရေက ၂၁ သန်းနီးပါး (၂၀၈၁၈၃၁၃) သာ ရှိခဲ့ပြီး လာရောက် မဲပေးသူဦးရေက ၁၅သန်းကျော် (၁၅၁၁၂၅၂၄) သာ ရှိခဲ့ပါတယ်။ NLD က ဆန္ဒမဲ (၇၉၃၄၆၂၂)မဲ ရရှိခဲ့လို့ မဲပေး ပိုင်ခွင့်ရှိသူ ဦးရေရဲ့ ၃၁ရာခိုင်နှုန်းသာ မဲရရှိခဲ့ခြင်းသာ ဖြစ်ပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံရဲ့ ခန့်မှန်းလူဦးရေက သန်း၄၀နီးပါးရှိခဲ့ပါတယ်။ အဲသည်တော့ NLD က ရွေးကောက်ပွဲမှာ မဲအများဆုံး ရတယ်ဆိုတာနဲ့ လူထုထောက်ခံမှုကို အများဆုံးရတယ်လို့ ယူဆမှုဟာမမှန်ပါဘူး။

...ပ်တဲ့သိက္ခာကိုပင် စောင့်ရတယ်

နှင်းအေးခိုင်

...ှိန်တျန့်လို့ခေါ်ခဲ့ပါတယ်။ အဲသည်လို
...မှတ်တမ်းများမှာ လက်ရှိမြန်မာနိုင်ငံ
...ဖော်ပြခဲ့တာလဲကြာခဲ့ပါပြီ။ ကျွန်မတို့
...ချစ်ကြည်ရေး အလည်အပတ်သွားတဲ့
...”လို့ တရုတ်ဘာသာစကားနဲ့ ခဏခဏ
...ရှိသူ စာရေးဆရာမကြီးက ဘာပြော
...ဘာတော့ ကျွန်မကဟုတ်တယ်၊ မြန်မာ
...ခဲ့တာ ကြာခဲ့ပြီလို့ ပြောရပါသေးတယ်။
...ပြောချင်ကြဘူးလို့ဆိုရင်လဲ မြန်မာဆိုတဲ့
...ဂိုတင်ရေးဆွဲခဲ့ကြတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ
...ါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့
...ချုပ်အခြာအာဏာပိုင် သမတ(သတ်ပုံ
...တင်စုမြန်မာနိုင်ငံဟု ခေါ်ရမည်လို့

...ခါတာလေ။ အင်္ဂလိပ်လိုတော့ (Un-
...တက်ချင်ပေလိမ့်မယ်။ ကျွန်မကလဲ
...က နယ်ချဲ့များဟာ ရောက်လေရာရာမှာ
...အမှားနဲ့ တွင်သွားတဲ့ ဝေါဟာရတွေကို
... အရင်တုန်းက ပီကင်းလို့ခေါ်ခဲ့တဲ့
...ည်ပြင်ဆင်ခဲ့ရသလို သာဓကပြရင်ဖြင့်
...င်ချက်များ ရှိပါတယ်။ အနည်းငယ်
...ပို့ တွင်ခဲ့တဲ့နိုင်ငံကို ထိုင်း(Thai)လို့
...နိုင်ငံကို သီရိလင်္ကာလို့ ပြင်ခဲ့တာပါပဲ။
...လေထီလက်မှတ်များကို စုဆောင်း
... မြန်မာနိုင်ငံကို ဘားမားလို့ခေါ်မှ
...တဲ့သူတွေနဲ့ နယ်ချဲ့နောက်ဆွဲများနဲ့
...ကြပါတယ်။
...ွဲကလေးကိုဖွင့်ပြီး အထောက်အထားနဲ့
...အောက်မှာ ကိုလိုနီဘဝနဲ့နေရတုန်းက
...ထောင်ခဲ့တယ်။ ၁၃–၆–၃၈ရက်နေ့မှာ
... ထီလက်မှတ်မှာ မြန်မာနိုင်ငံတော်
...တ်မှာ ထီ(၁၃)ကြိမ် ဖွင့်ခဲ့တယ်။
...ရက်နေ့မှာ ထီဖွင့်တယ်။ ထီလက်မှတ်
...၄၅ခုမတ်လမှာ ဖက်ဆစ်ကိုတော်လှန်
...၁–၄၇ ရက်နေ့မှာ (၁၄)ကြိမ်မြောက်
...းရပ်ထားတဲ့ (၁၃)ကြိမ်ကို ပြန်ဆက်တဲ့
...ာ ဖြစ်တယ်။ အဲသည်(၁၄)ကြိမ်ကစပြီး
...ာနိုင်ငံတော်အစိုးရလို့ပဲ သုံးတယ်”လို့
...င် သုံးစွဲခေါ်ဆိုခဲ့ကြတာကို ပြောဖြစ်ကြ

...တိုင်း မြန်မာလိုတော့ ဟုတ်တာပေါ့လို့
...ပ်။ တိုင်းတစ်ပါးသားများက မိမိတို့
... ကြတာကို ပြန်ပြင်နိုင်တဲ့ အချုပ်အခြာ
...ည်လို လိုအပ်လို့ ပြင်ဆင်တာကလဲ
...သည်အထဲကထူးပြီး မြန်မာလိုမြန်မာ
...ဆက်သုံးချင်နေတယ်ဆိုရင် အဲသည်လို
...စ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေဟာ
...မြန်မာသွေးစစ်စစ် မြန်မာကိုချစ်တဲ့သူ

... ဘယ်နည်းကိုပဲဖြစ်ဖြစ် သုံးမယ့်သူ၊
...ကိုလဲ မကြောက်တဲ့သူများကတော့
... ခေါ်ကြမှာပါပဲ။
...ပါဘူး။ လက်ခံတဲ့သဘောတရားချင်း
...လို ဆန့်ကျင်နေတဲ့သဘောကို တင်ပြ
...ထားပြီး သူ့ဘာသာ စာစကားနဲ့အညီ
... သုံးစွဲရမှာပါပဲ။ အခုထုတ်ပြန်လိုက်တဲ့
...ဉ်းလမ်းကျကျ ဆန့်ကျင်ချင်တဲ့သူများ
... မိမိစကားကို နာခံမယ့်သူများဘက်ကို
... ပြည်ထောင်စုမြန်မာနိုင်ငံလို့ မခေါ်
...နိုင်မယ် ဆိုတာဟာဖြင့် အင်မတန်မှ
...တန်းကနဲ သိနိုင်ပါတယ်။ အဲဒါကြောင့်
...းဟာ မမှန်နိုင်ပါဘူး။ ဓမ္မဓိဋ္ဌာန်လဲ
...ဘ့ကြောင့်လဲဆိုတော့ စကတည်းက
...င်ကို တွန်းတင်မယ်ဟော့လို့ စိတ်ကူးပြီး
...ဖို့ ငြင်းခဲ့ကြတာကိုး။

...ပြီးဖျက်ချင်နေတာကိုး။ အကြမ်းဖက်
... တယ်လို့ အကြောင်းပြပြီး အမေရိကန်
...ကန်လို နိုင်ငံတောင်မှ မြန်မာလောက်
...က်ချက်တောင်မှ ရှိသတဲ့။ အဲသည်လို

မြန်မာကို တစ်ဖက်စောင်းနင်း လုပ်ကြံသတ်မှတ်ထားတဲ့ အပြစ်ခြောက်ချက်ကို တစ်ချက်ချင်း ပြန်လည်ချေပလိုပါတယ်။

ပထမဆုံးအချက်က မြန်မာနိုင်ငံက လက်ရှိအစိုးရဟာ ပြည်သူလူထုဆန္ဒအရ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရကို ဖြုတ်ချခဲ့ပါတယ်တဲ့။ ၁၉၆၂ ခုနှစ်မှာလဲ စစ်အစိုးရတစ်ခုက ပြည်သူလူထုဆန္ဒအရ ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ အစိုးရကို ဖြုတ်ချခဲ့ပါတယ်တဲ့။ ဇာတ်ကြောင်းဖြစ်ရပ်မှန်က ၁၉၅၈ခုနှစ်မှာ ပြည်သူလူထုဆန္ဒအရ ရွေးချယ်တင်မြှောက်ခြင်းကိုခံခဲ့ရတဲ့ ဝန်ကြီးချုပ်ကိုယ်တိုင်က တပ်မတော်ရဲ့ အကြီးအကဲကို ဖိတ်ခေါ်ကာ နိုင်ငံတော်အာဏာကို ထိန်းသိမ်းပေးဖို့ မေတ္တာရပ်ခံခဲ့တာ ဖြစ်ပါတယ်။ အဲသည်လို နိုင်ငံတော်အာဏာကို လွှဲအပ်ခြင်းခံရတဲ့ တပ်မတော်ကပဲ မကြာခင်မှာ နောက်ထပ်ရွေးကောက်ပွဲတစ်ခုကို ကျင်းပပေးခဲ့ပါတယ်။ သန့်ရှင်း ဖဆပလနဲ့ တည်မြဲဖဆပလတို့ ယှဉ်ပြိုင်အရွေးခံခဲ့ရာမှာ သန့်ရှင်းဖဆပလ အဖွဲ့က မဲအပြတ်အသတ်ရခဲ့ပါတယ်။ သို့ပေမယ့် သိပ်မကြာခင်မှာပဲ မြန်မာနိုင်ငံ လေထုဟာ တယ်ပြီး ပူနေပါလားလို့ ထုတ်ဖော်ပြောမိကြတဲ့အထိ အစိုးရအဖွဲ့ရဲ့ အကွဲအအက်များ ကြားက ထွက်လာတဲ့အသံဗလံများဟာ ဆူညံသလောက် အပူတွေများနေခဲ့ပါတယ်။ အရွေးခံခဲ့ရတဲ့ အစိုးရအဖွဲ့ထဲမှာ ဦး ဗိုလ် သခင်ရယ်လို့ ထပ်ပြီး ကွဲခဲ့ကြလို့ဖြစ်ပါတယ်။ အဲသည်လို အစိုးရအဖွဲ့ထဲမှာ ပဋိပက္ခများနေတာဟာ နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ဖြစ်ပါတယ်။ အဲဒါကြောင့်သာ ၁၉၆၂ခုနှစ်မှာ အာဏာသိမ်းပွဲတစ်ခု ထပ်ပြီး ပေါ်ပေါက်လာခဲ့ရတာ ဖြစ်ပါတယ်။

အဲသည်လို ၁၉၆၂ ခုနှစ်မှာ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရသူများနဲ့ ၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့တဲ့သူများဟာ အသက်အားဖြင့်၊ မျိုးဆက်အားဖြင့် မတူသူများဖြစ်ပါတယ်။ ဒါကိုရောပြီး စစ်တပ်က အာဏာသိမ်းထားတာ ၁၉၉၀ ပြည့်နှစ်ကျမှ ရွေးကောက်ပွဲကျင်းပပေးသလို ရေးသားထားတဲ့ စာအရေးအသားကြောင့် ရှင်းအောင်ပြောရတာ ဖြစ်ပါတယ်။

တပ်မတော်အစိုးရဟာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ မကျင်းပမီ တစ်နှစ်ခန့် အလိုကတည်းက ရွေးကောက်ပွဲကျင်းပပြီးတာနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ တက်လာမယ့်အစိုးရကို အာဏာလွှဲပြောင်းပေးမယ်လို့ ကြိမ်ဖန်များစွာ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလဲ တစ်ဖွဲ့တစ်ပါတီတည်းက ရေးဆွဲလို့မရကြောင်း ပါတီစုံ၊ လူထုလူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံ အပါအဝင် ပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒနဲ့ ရေးဆွဲဖို့လိုအပ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါတယ်။ ၁၉၉၂ခုနှစ်မှစပြီး အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲတွေကို ခေါ်ယူကျင်းပပေးခဲ့ပါတယ်။ NLD က ကိုယ်စားလှယ်တွေလဲ ပါဝင်တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ၁၉၉၃ခုနှစ် ဇန်နဝါရီလမှာ အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ပါတယ်။ အစကကောင်းပြီးကောင်းရက်နဲ့ အမျိုးသားညီလာခံတက်ရောက်ခဲ့တဲ့ NLD ကိုယ်စားလှယ်တွေဟာ ကိုလိုနီနယ်ချဲ့လက်သစ်ရဲ့ ပယောဂနဲ့ သူတို့သဘော သူတို့ဆောင်ပြီး အမျိုးသားညီလာခံကို ကဖျက်ယဖျက်လုပ်ခဲ့ပါတယ်။ ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၉ရက်နဲ့၃၀ရက်တွေမှာ ညီလာခံကို မတက်ရောက်တော့ဘဲ ကျောခိုင်း ထွက်ခွာသွားခဲ့တာဖြစ်ပါတယ်။ အဲဒီလိုနဲ့ ၁၉၉၆ခုနှစ်မှာ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရတဲ့ အမျိုးသားညီလာခံကို တပ်မတော်အစိုးရက ချမှတ်ခဲ့တဲ့ နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့ကစပြီး ပြန်လည် ကျင်းပလျက်ရှိနေတာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပေးနေတာဟာ ဖြစ်ပေါ်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ရွေးကောက်ပွဲမှာ အရွေးချယ်ခံရတဲ့အစိုးရကို အာဏာလွှဲပြောင်းပေးဖို့ ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။

တူးတူးနဲ့ ချက်သမ္မတဟောင်းတို့က တယ်ပြီး ပစ္စုပ္ပန်တည့်တည့် ရှုတတ်ကြတာပဲ။ သူတို့ရဲ့ ဒုတိယစွပ်စွဲချက်က အုပ်စုကွဲများအတွင်း ပဋိပက္ခများ၊ တိုက်ပွဲများ ဖြစ်ပွားနေတဲ့အတွက် မြန်မာနိုင်ငံမှာ အပြစ်ရှိသတဲ့။ တကယ်တော့ အဲသည်လိုပဋိပက္ခဆိုတာ ကိုလိုနီချဲ့ထွင်တဲ့ နယ်ချဲ့တိုင်းက သူတို့ လက်လွှတ်ရမယ့် နိုင်ငံတိုင်းမှာ ထည့်သွင်းထားခဲ့တဲ့ ဗိုင်းရပ်စ်တစ်ခုကြောင့် ဖြစ်လာရတာပါ။ အတိတ်သမိုင်းကြောင်းက လာခဲ့တာကို ပြန်ပြီးလေ့လာဖို့ လိုအပ်ပါတယ်။

နှင်းအေးခိုင်ကတော့ စိတ်မကောင်းဖြစ်မိပါတယ်။ တူးတူးဟာ အသက်အရွယ်အရ အတွေ့အကြုံစုံခဲ့မှာ အသေအချာပါပဲ။ အသားအရောင်ခွဲခြားတာကြောင့် စိတ်ဆင်းရဲစရာလဲ အများကြီးတွေ့ခဲ့ရမှာဖြစ်ပါတယ်။ ပြီးတော့လဲ ဘုန်းတော်ကြီး တစ်ပါး ဖြစ်နေသေးတယ်။ အဲသည်လို အကြောင်းကြောင်းကို ထောက်ပြီး လေးစားစွာ ပြောချင်တာကတော့ အပြစ်တင်မယ်ဆိုရင် တကယ်တမ်း ရင်ဆိုင်နေရတဲ့သူများကို သနားဖို့၊ ညှာတာဖို့သာ လိုပါတယ်။ အပြစ်တွေတင်နေတာကတော့ သက်ညှာရာ ထောက်ထားရာမကျတာ သေချာပါတယ်။ အခုတော့ အနောက်အုပ်စု အကြိုက်ကိုလိုက်ပြီး ဘယ်နိုင်ငံက၊ ဘယ်သူတွေက အပြစ်ရှိတယ်ဆိုတဲ့ စကားမျိုးကို မိမိသိက္ခာကိုမျှမထောက် ပြောရက်နေတာ သူ့အတွက် စိတ်မကောင်းစရာပါပဲ။

နှင်းအေးခိုင်တို့ မြန်မာနိုင်ငံမှာ အုပ်စုကွဲတွေကြားမှာ ပဋိပက္ခရှိပါတယ်။ အဲသည်လို ပဋိပက္ခမျိုးဟာ ကိုလိုနီဖြစ်ခဲ့တဲ့ နိုင်ငံတိုင်းမှာ လွတ်လပ်ရေးရပြီးကတည်းက ပွက်လောထလာတဲ့ လက္ခဏာရပ်တစ်ခု ဖြစ်ပါတယ်။ အဲသည်လို ပွက်လောထလာအောင် နိုင်ငံတစ်နိုင်ငံကို သိမ်းပြီဆိုတဲ့ အချိန်ကစပြီး နယ်ချဲ့များက တိုင်းရင်းသား အချင်းချင်းကြားမှာ သပ်လျှို သွေးခွဲတဲ့ အလုပ်ကို သိမ်မွေ့တဲ့နည်းနဲ့ လုပ်ဆောင်ခဲ့ကြတာပါပဲ။ အဲသည်လို အလုပ်မျိုးကို နယ်ချဲ့တို့က နိုင်ငံတိုင်းမှာ ဆောင်ရွက်ခဲ့တာပါပဲ။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားအချင်းချင်းကြား သပ်လျှိုတဲ့နည်းကို နယ်ချဲ့တွေက လွတ်လပ်ရေးပေးခါနီးမှာ အရှိန်မြှင့်ပြီး ဆောင်ရွက်ခဲ့လို့ လွတ်လပ်ရေးလဲ ကြေညာပြီးရော အုပ်စုကွဲ ပဋိပက္ခကိစ္စက ပြင်းပြင်းထန်ထန် ပေါ်ပေါက်လာတော့တာပါပဲ။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားချင်း စည်းရုံးနိုင်အောင်၊ အယူအဆကွဲပြားသူတို့ကြားမှာ ရင်ကြားစေ့နိုင်အောင် အစိုးရအသီးသီးက ကြိုးစားခဲ့ကြတာပါပဲ။ အဲသည်အထဲမှာ အောင်မြင်မှုအရဆုံးက မြန်မာနိုင်ငံမှာတည်ရှိနေတဲ့ လက်ရှိအစိုးရဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက်ကို လက်နက်ကိုင်ဆန့်ကျင်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့ဟာ ဒီကနေ့တပ်မတော်အစိုးရလက်ထက်မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးရေးကို လက်တွဲဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ အခြားအဖွဲ့ငယ်တွေကလဲ ငြိမ်းချမ်းရေးကို တည်ဆောက်ရယူခဲ့ကြသလို ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့တဲ့ အဖွဲ့တွေအနက် တချို့ကလဲ ငြိမ်းချမ်းရေးနဲ့ လက်နက်ကို အပြီးအပိုင်လဲလှယ်ခဲ့ကြတဲ့အထိ မြန်မာနိုင်ငံမှာ ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တာ အများစိတ်ချမ်းသာစရာ မဟုတ်ပါလား။ အရင့်အရင်တုန်းက နိုင်ငံတော်တစ်နံတစ်လျားကို သွားချင်တိုင်းသွားဖို့က အတော်ခက်ပါတယ်။ အခုတော့ အတော်အေးချမ်းသွားခဲ့ပြီ ဖြစ်ပါတယ်။ ခြွင်းချက်တော့ရှိမှာပေါ့လေ။

ဘာဖြစ်လို့ အဲသလိုခြွင်းချက်တွေရှိရသလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ နယ်ချဲ့များရဲ့စိတ်ထဲမှာ မပေးမဖြစ်လို့လွတ်လပ်ရေးပေးလိုက်ရတဲ့ နိုင်ငံတိုင်းဟာ သူတို့အုပ်စုဝင်အဖြစ် ဆက်ပြီးရှိနေစေချင်တာကိုး။ နယ်ချဲ့နိုင်ငံများနဲ့ သူတို့အောက်ဆွဲနိုင်ငံများက သူတို့ကိုဦးမညွတ်တဲ့ နိုင်ငံတိုင်းကို အားနည်းအောင် ဒုက္ခပေးနေတတ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် တိုင်းရင်းသားချင်း စည်းလုံးညီညွတ်နေတာကို မကြည်ဖြူ မနှစ်လိုပါဘူး။ အဲဒါကြောင့် တစ်နည်းမဟုတ် တစ်နည်းနဲ့ သွေးခွဲတာပါပဲ။

အခုခေတ်က သွေးခွဲဖို့နည်းကများတယ်လေ။ မီဒီယာအမျိုးမျိုးရဲ့ နှိုးဆော်မှုကြောင့် တိုင်းတစ်ပါးဆိုတာ နတ်ဘုံ နတ်နန်းလိုပါပဲလို့ ထင်သွားစေပါတယ်။ တကယ်တမ်း နိုင်ငံခြားရောက်တော့မှ ဇာတ်လမ်းကတစ်မျိုးလေ။ ဘယ်လိုပဲဖြစ်ဖြစ် သဘာဝမကျတဲ့ တိုးတက်မှုမျိုးကို မြန်မာ့လူမှုအဖွဲ့အစည်းကလဲ လက်မခံတတ်ပါဘူး။ အဲသည်လို ဘုံခန်းနဲ့မြှောက်သလို ငရဲခန်းနဲ့လဲ ခြောက်တတ်ကြပါသေးတယ်။ တိုင်းရင်းသား လူမျိုးအချင်းချင်း မသင့်တင့်အောင်လဲ ဝါဒဖြန့်တတ်ကြပါသေးတယ်။ လက်နက်လိုရင် လက်နက်ပေးပြီး တိုက်ခိုက်နည်းများကိုပါ နယ်စပ်ကဝင်ပြီး သင်ပေးနေတဲ့သူများဟာ ဘယ်သူတွေလဲ။

တိုင်းရင်းသားအချင်းချင်း ရင်ကြားစေ့အောင် နိုင်ငံတော်အစိုးရက ကြိုးစားခဲ့တာအခါခါပါပဲ။ ငြိမ်းချမ်းရေးရချင်လွန်းလို့ အခါခါအလီလီ ဆွေးနွေးကြတာဟာ လူချင်းတောင်မှ ဆွေမျိုးလိုရင်းနှီးတဲ့အထိ ဖြစ်သွားကြပါတယ်။ အဲသည်လို သင့်တင့်နေပါလျက် မညီညွတ်နိုင်သေးတာက ဘာ့ကြောင့်ပါလဲ။ သွေးထိုးမှုတွေ၊ ငယ်စဉ်အခါက နယ်ချဲ့ လက်ပါးစေများနဲ့ အယုက်အတင်လုပ်ခဲ့မှုတွေကြောင့် လက်မှတ်ရေးထိုးမယ့်ဆဲဆဲမှာ ပျက်ခဲ့ရတာ အကြိမ်များပါတယ်။

အုပ်စုကွဲအချင်းချင်းရဲ့ကြားမှာ ပဋိပက္ခဖြစ်တဲ့အခါ လက်နက်ကိုင်တိုက်ပွဲများလဲ ဖြစ်ရတာပေါ့။စဉ်းစားကြည့်ပါ။ တစ်ဖက်အုပ်စုက လက်နက်ကိုင်များက ပြည်သူလူထုကို ဒုက္ခပေးနေပြီလို့ဆိုရင် အစိုးရတပ်ဖွဲ့က ပြည်သူလူထုရဲ့အသက်အိုးအိမ်ကို ကာကွယ်ဖို့ စစ်ထွက်ရတော့မှာပါပဲ။ ပြည်သူလူထုဆိုတာကလဲ ဘေးရန်နဲ့ကြုံတဲ့အခါမှာ အစိုးရတပ်ဖွဲ့များကို မျှော်တတ်ကြတာပါပဲ။ မျှော်လဲ မျှော်ရမယ်လေ။ ၈၈ အရေးအခင်း တုန်းက အစောပိုင်းမှာအစိုးရတပ်ဖွဲ့များက ဘာမှမလုပ်သေးဘဲ စောင့်ကြည့်နေကြပါတယ်။ အဲသည်လို စောင့်ကြည့်ရုံ ကြည့်နေတာပါဆိုပြီး မလေးစားတော့ဘဲ အချင်းချင်း သတ်ဖြတ်တဲ့အထိ၊ ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးတဲ့အထိ လုပ်လာကြပါတယ်။

အစောပိုင်းက ဆန္ဒပြတဲ့အထဲမှာပါတဲ့သူရော၊ ဆန္ဒပြပွဲများကို စောင့်ကြည့်နေတဲ့သူများရော နောက်ပိုင်းရောက်လာတာနဲ့အမျှ ကြောက်လိုက်တာ အလွန်ပါပဲ။ တပ်မတော်သားတွေမရောက်ခင် ဘယ်နေ့မှာဘယ်သူက လာသတ်မလဲလို့ တထိတ်ထိတ်နဲ့ နေနေတုန်းမှာ တပ်မတော်က နိုင်ငံတော်လုံခြုံရေးတာဝန်ကို ယူလိုက်ပြီဆိုတာနဲ့ စိတ်ကိုအေးသွားတာပဲလို့ ပြောဖူးတဲ့ ညီမလေးကို သတိရလိုက်ပါတယ်။ သူဟာ နိုင်ငံရေးသဘောတရားများကို မသိပါဘူး။ သို့ပေမယ့် ဘယ်သူတွေက အားကိုးထိုက်တဲ့ သူတွေလဲဆိုတာကိုတော့ သိရှာပါတယ်။

အစိုးရနဲ့ တိုင်းရင်းသားများရဲ့ ပဋိပက္ခများလို့ တူးတူးနဲ့ ချက်သမ္မတဟောင်းတို့ရေးတဲ့ စာတမ်းထဲမှာပါတာကို မြန်မာနိုင်ငံအကြောင်း မသိတဲ့သူများက အစိုးရကပဲ မှားသယောင် ထင်ကြပါတယ်။ ကိုယ့်ဘာသာကိုယ် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေတဲ့ တိုင်းရင်းသားများအပေါ်မှာတောင်မှ ရက်စက်တဲ့သူများကို အစိုးရတာဝန်ယူထားတဲ့ တပ်မတော်သားများက တိုက်ရမှာပါပဲ။ ဒါမှသာ ရိုးသားတဲ့ တိုင်းရင်းသားများ သက်သာမှာကိုး။

အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းတဲ့သူများကတော့ သွားဖြီးကြီးတွေနဲ့ သဘောခွေ့နေကြမှာ အသေအချာပါပဲ။ ဘာပဲဖြစ်ဖြစ် လက်နက်ကိုင်ထားတဲ့ အမျိုးတူများကို သာမန်တိုင်းရင်းသားများက စိတ်ကုန်နေပြီဖြစ်ပါတယ်။ သူတို့လိုချင်တာ ငြိမ်းချမ်းရေးဖြစ်ပါတယ်။ အဲသည်လို ခိုးဆိုး တိုက်ခိုက်နေတဲ့သူများကိုတော့ တပ်မတော်က ကြည့်နေရိုး ထုံးစံမရှိပါဘူး။ ကျောသားရင်သားမခွဲခြားဘဲ တိုက်ခိုက် နှိမ်နင်းရမှာပါပဲ။ တပ်မတော်က ရိုးသားတဲ့လူထုရဲ့လုံခြုံရေးကိုသာ ပဓာနထားပြီး တိုက်ခိုက်နှိမ်နင်းနေတာကို အပြစ်တင်နေတဲ့သူများဟာ တပ်မတော်ကသာ ဘာမှမလုပ်ဘဲ နေနေတယ်ဆိုလဲ သည်းခံလိုက်တာလို့ ပြောကြမှာမဟုတ်ပါဘူး။ တိုင်းသူပြည်သားလူအများကို ဂရုစိုက်ဖော်မရဘူးလို့ ပြောကြဦးမှာ ဖြစ်ပါတယ်။

နှင်းအေးခိုင်တို့ နိုင်ငံတည်ဆောက်ရေးအစဉ်အလာကတော့ ရှေးကတည်းက ဘယ်သူ့ကိုမှ မမှီခိုဘဲ ကိုယ့်ဘာသာကိုယ် အားသွန်ခွန်စိုက်ကြိုးပမ်းတတ်တဲ့ အစဉ်အလာဖြစ်ပါတယ်။ အဲသည်လို ကြိုးပမ်းနေစဉ်ကလဲ ဘယ်သူကမှ လာမကူပါဘူး။ အခုအခါမှာမှ မြန်မာကို ရုတ်တရက်စိတ်ဝင်စားလာတာက ပထဝီဝင် အနေအထားအရ အချက်အချာကျတဲ့နေရာမှာ သူတို့ဩဇာခံတဲ့သူ ရှိနေစေချင်လို့ဆိုတာ ဗေဒင်မေးစရာ မလိုပါဘူး၊ သေချာတယ်လို့ တွက်ဆနိုင်ပါတယ်။

တကယ်တမ်း စေတနာရှိတယ်ဆိုရင် နယ်ချဲ့များကရော၊ နယ်ချဲ့လက်ဝေခံများကပါ ကိုယ်ချမ်းသာရကြောင်းကိစ္စတစ်ခုကိုသာ ကွက်ကွက်ကလေး မကြည့်ပါနဲ့။ တိုင်းရင်းသားများကို တို့မီးရှို့မီး မလုပ်ဘဲ သူတို့ဘာသာသူတို့ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေရာမှာ ကူညီသင့်တဲ့ကိစ္စဆိုရင် ကူညီစေချင်ပါတယ်၊ မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့လို့ ထပ်ပြီး ပြောချင်ပါတယ်။

အခုဟာက လိုချင်တဲ့အချိုးကိုချိုးလို့ရမယ်ဆိုရင် ဟောဒီ ဟောဒီ အကူအညီတွေကို ပေးမယ်။လိုချင်သလို လုပ်လို့မရရင် မပေးဘူးဆိုပြီး မီဒီယာက ကြေညာတာမျိုးဟာ တကယ်တော့ ရန်လိုတဲ့ကလေးတစ်ယောက်လို ပြုမူတာပါပဲ။ မုန့်ကလေး ထောင်ပြပြီး နင်ငါ့ကိုကုန်းပိုးပြီး ကစားကွင်းလိုက်ပို့မယ်ဆိုရင် ကျွေးမယ်။ မပိုးဘူးလား၊ အေး– မကျွေးတော့ဘူးလို့ ကလေးတွေလုပ်သလို ဖြစ်နေပါပြီ။ ပြောရတာ အားနာ စရာတောင်မှ ကောင်းနေပါပြီ။ တကယ့်ကို အသားလွတ်စိတ်ကို ညှဉ်းဆဲနေတာပါပဲ။

တူးတူးနဲ့ ချက်သမ္မတဟောင်းတို့က မြန်မာနိုင်ငံတော်အစိုးရကို တိုက်ခိုက်တဲ့အခါ မီဒီယာကောင်းကောင်းနဲ့ ငါ့စကားနွားရ ပြောတတ်လုပ်တတ်တဲ့ အချက်ဟာ စွပ်စွဲချက် သုံးခုမြောက်မှာ ပိုမိုထင်ရှားလာပါတယ်။ ကမ္ဘာပေါ်မှာ လူ့အခွင့်အရေး အခြေအနေ အဆိုးဆုံးနိုင်ငံထဲမှာ မြန်မာဟာ ထူးထူးခြားခြားဆိုးရွားပါတယ်ဆိုတာ ကတော့ မဖြစ်ဖြစ်အောင် ချောက်တွန်းတဲ့ စကားပါပဲ။ မြန်မာဆိုတာ ခရစ်တော်မပေါ်မီ အချိန်ကတည်းက ထီးနဲ့နန်းနဲ့ ကြငှန်းနဲ့ နေလာခဲ့တဲ့လူမျိုး ဖြစ်ပါတယ်။ ဗြဟ္မစိုရ်တရား လေးပါးလက်ကိုင်ထားပြီး နေထိုင်ကြဖို့ ပဓာနထားပြီးသွန်သင်ခြင်းခံကာ ကြီးပြင်းလာကြတဲ့ လူမျိုးဖြစ်ပါတယ်။ အဲသည်လို မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးအချင်းချင်းကို သွေးခွဲဖို့ စီမံကိန်းကောင်းကောင်းချပြီး ဆောင်ရွက်နေခဲ့တာ အခုတော့ တစ်ရစ်မက ထပ်ပြီးတင်ခဲ့ပြန်ပြီ ထင်ပါတယ်။

တစ်ခုတော့ရှိပါတယ်။ အချို့သော နိုင်ငံကြီးသားများ၊ အချို့သော နိုင်ငံကြီးသားဆိုတဲ့ ခြသေ့်ကြီးများကို မှီခိုပြီး အသက်မွေးဝမ်းကျောင်းကြတဲ့ မြေခွေးလို လူများကတော့ ယုတ္တိရှိတာမရှိတာကို အလေးမထားတတ်ကြပါဘူး။ တစ်ယောက်ပဲ ယုံယုံ နှစ်ယောက်ပဲယုံယုံ၊ ယုံသွားပြီးတဲ့ တစ်ခဏမှာတော့ အဲသည်လူတွေ ဒုက္ခကောင်းကောင်း ရောက်စေရမယ်လို့ သဘောထားကြပုံ ပေါ်ပါတယ်။ အဲသည်လို စိတ်ထားနဲ့ အမှားတွေကို သွတ်သွင်းတဲ့စကားပြောပြီး နိုင်ငံတော်တော်များများကို ဒုက္ခပေးခဲ့တာလဲ နှစ်သမနိ ရှည်ကြာခဲ့ပါပြီ။

ရိုးသားပြီး ကိုယ်လဲမမှန်တာကို ယုံလောက်အောင် လိမ့်လုံးညာလုံးတွေသုံးပြီး မပြောတတ်တဲ့ လူရိုးများကတော့ သူများပြောတာလဲ ယုံတတ်ကြပါတယ်။ အဲသည်လို အလွဲသုံးစားလုပ်ပြီး အိမ်ကြက်ချင်းကို အိုးမဲသုတ်ပြီး ခွပ်ခိုင်းတတ်တာ သမိုင်းကြွေး ပြန်ဆပ်ရလိမ့်မယ်နော။

ကိုယ့်တိုင်းပြည်ကို ကိုယ့်ဘာသာကိုယ် စောင့်ရှောက်ထိန်းသိမ်းနေတဲ့သူများဟာ ကိုယ့်ဘာသာကိုယ်လုပ်တဲ့ကိစ္စ ကိုယ့်ဘာသာကိုယ် ဖျက်ပါ့မလား။ နှင်းအေးခိုင်တို့ မြန်မာနိုင်ငံမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို တိုင်းရင်းသားအားလုံး ဦးထိပ်ထားရမယ့်တာဝန်လို့ သတ်မှတ်ထားပါတယ်။ အဲသည်တော့ ပြည်ထောင်စုသားများကို စော်ကားတဲ့အမှု၊ လူမဆန်စွာ မသင့်မတင့် ကြံစည်လုပ်ဆောင်တဲ့ အမှုမျိုးကို ဘယ်လိုမှမလုပ်ပါဘူး။ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့ဖူးတဲ့ မြန်မာ့ထုံးဓလေ့ကို သိနားလည်တဲ့ နိုင်ငံခြားသားများကလဲ မြန်မာနိုင်ငံမှာ ဆိုးရွားတဲ့ Human rights abuses တွေကို လုပ်နေပြီဆိုတာ ယုံကြမှာမဟုတ်ပါဘူး။ နှင်းအေးခိုင်တို့လဲမယုံဘူး။ တိုင်းရင်းသားများကတော့ ရိုးသားတာကိုး။ ပြောဖန်များတော့လဲ ဟုတ်နိုးနိုး ဖြစ်ကြမှာပေါ့။ ကြောက်ရွံ့ထိတ်လန့်ကြမှာပေါ့။ အဲသည်လို ယုံထင် ကြောင်ထင်ဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် မယုံသင်္ကာဖြစ်သွား ကြောက်သွားတယ်ဆိုရင် မြန်မာကို ထိုးဖောက်ချင်တဲ့သူတွေအတွက် အကွက်ဝင်ပြီလေ။

တူးတူးတို့ ချက်သမ္မတဟောင်းတို့ကို လေးစားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရိုးသားသူများဟာ သူများပြောရင် ယုံတတ်ကြတာကိုး။ ရှင်တို့လဲ အဲသည်လို ကြားတာကို ယုံပြီး ပြန်ပြောတာဖြစ်နိုင်ပါတယ်။ နှင်းအေးခိုင်တို့ မြန်မာမှာ မွေးကတည်းက ဆိုသလို အမျိုးသမီးများနဲ့ ဆက်ဆံတဲ့နေရာမှာ အမေချင်းစာ နှမချင်းစာ သမီးချင်း စာကြဖို့ အရွယ်အလိုက် သွန်သင်တာကို ခံခဲ့ကြရပါတယ်။ အဲသည်လို ကြီးပြင်းလာတဲ့ သူများထဲက တစ်ယောက်တလေတော့ စုန်းပြူး ရှိမှာပေါ့လေ။ သို့သော် အဲသည်လို စုန်းပြူးများကတောင်မှ တူးတူးတို့ စာတမ်းထဲမှာ ပါသလို ဆိုးဆိုးရွားရွား စော်ကား မော်ကားမပြုတတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မှာ လူမျိုးရေး အာဃာတစိတ်၊ အသားအရောင်ခွဲခြားတဲ့စိတ်နဲ့ သူကဖြင့် အကြမ်းဖက်သမား၊ သူကဖြင့် ဆင်းရဲမွဲတေတဲ့ နိုင်ငံသားစသည်ဖြင့် ခွဲခွဲခြမ်းခြမ်း လုပ်တတ်တဲ့ မောက်မာမှုမျိုးမရှိကြလို့ဘဲ ဖြစ်ပါတယ်။

လူထုကို အတင်းအကျပ် အလုပ်လုပ်ခိုင်းတယ်ဆိုတာကတော့ ဘဝချင်းမတူလို့ သဘောကိုနားမလည်ဘဲ စွပ်စွပ်စွဲစွဲလုပ်တဲ့ သဘောဖြစ်ပါတယ်။ ကိုယ့်ခွန်ကိုယ့်အား ကိုယ့်အားကိုယ်ကိုးပြီး နိုင်ငံထူထောင်နေကြရတဲ့သူများဟာ ဝိုင်းလုပ်ဝိုင်းစားလုပ်ခဲ့ကြရတာပဲ။

တူးတူးနဲ့ ချက်သမ္မတဟောင်းတို့ စွပ်စွဲတဲ့အချက်များက တကယ့်ဖြစ်ရပ်မှန်မဟုတ်တဲ့ ဝါဒဖြန့်သတင်းများကို အခြေပြုထားတဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ ကလေးများကို အတင်းအကျပ် စစ်ထဲကို သွင်းတယ်ဆိုတာကတော့ မြန်မာ့တပ်မတော် လုပ်လေ့ရှိတဲ့ အလုပ်မဟုတ်ပါဘူး။ SSA-S ရှမ်းဆစ်အဖွဲ့တို့လို မြေအောက်အဖွဲ့အစည်းများက လိုက်စားတဲ့ဓလေ့ဖြစ်ပါတယ်။ သေသေချာချာ မလေ့လာဘဲ စွပ်စွဲတာလား။ သိသိကြီးနဲ့ အမည်ပြောင်းကပ်တဲ့အလုပ်ကို လုပ်တာလားဆိုတာ ပြောတဲ့သူများက ပိုသိမှာပါ။

စွဲချက်တင်တဲ့ပြစ်မှုတိုင်းမှာ တခြားနိုင်ငံများထက် မြန်မာနိုင်ငံက ပိုပြီး ဆိုးဆိုးရွားရွား ကျူးလွန်ထားတယ်လို့ဆိုတဲ့ စွပ်စွဲချက်အတွက် ပြန်လည် ချေပတာထက် နှင်းအေးခိုင်လုပ်ချင်တာက မိမိကိုယ်နဲ့မိမိစိတ်ကို သတိနဲ့ကပ်ပြီး စဉ်းစားလိုက်စမ်းပါ။ ငါတို့ဟာ မြန်မာနိုင်ငံကို တခြားနိုင်ငံများထက် ဘာဖြစ်လို့ ပိုပြီး ပျက်စီးစေချင်တာလဲ ဆိုတဲ့ မေးခွန်းကိုမေးပြီး စဉ်းစားကြစေလိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရေးမြို့နယ် ကျောင်းရွာစုံပြကျေးရွာနှင့် အစင်စုံပြကျေးရွာ လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲများကျင်းပ
ကျေးလက်ပြည်သူများအား ဆေးဝါးကုသ၊ စကားဝိုင်းဆွေးနွေးခြင်းများ ပြုလုပ်

ရန်ကုန် အောက်တိုဘာ ၅

ယနေ့ကာလသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး တည်ဆောက်ဖြည့်တင်းပေးလျက်ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို တိုးမြှင့်အကောင်အထည်ဖော်ရာတွင် လူမှုရေးအသင်းအဖွဲ့များ၏ အင်အားကိုရယူပြီး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရင်း ကျေးလက်ဒေသ မီးလင်းရေးကိုပါ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် နိုင်ငံတော်အစိုးရက ရေအားလျှပ်စစ်စက်ရုံကြီးများနှင့် သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများကို ငွေကြေး အမြောက်အမြား အကုန်အကျခံပြီး တည်ဆောက်ပေးလျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း ကျေးရွာများ၌ တစ်ပိုင်တစ်နိုင် မီးလင်းနိုင်ရေးကို ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပြီး လေအား၊ ရေအား၊ စွန့်ပစ်ပစ္စည်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့အားတို့ကို အကျိုးရှိရှိအသုံးပြုပြီး မိမိဒေသနှင့် ကိုက်ညီမည့် အခြေအနေပေါ်မူတည်၍ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စီစဉ်မှုဖြင့် ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်ခဲ့သော ရေးမြို့နယ် ကျောင်းရွာစုံပြကျေးရွာနှင့် အစင်စုံပြကျေးရွာတို့၌ လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲအခမ်းအနားများကို အောက်တိုဘာ ၃ရက်တွင် ကျင်းပကြသည်။

ရှေးဦးစွာ ကျောင်းရွာစုံပြကျေးရွာ လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးကျော်ကျော်ဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးစောထူးထူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာရပ်မိရပ်ဖများကိုယ်စား ဒေါ်ရွက်ဝါမြင့်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့ကျေးရွာသည် ရေးမြို့နယ်၏ အရှေ့ပိုင်းတွင် တည်ရှိပြီး တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများသည် ဥယျာဉ်ခြံလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ခဲ့ကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းနေပြီဖြစ်၍ ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းကို အေးချမ်းစွာလုပ်ကိုင်နိုင်ပြီဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပြီဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာ၍ လျှပ်စစ်သုံးပစ္စည်းများကို ကျေးရွာအနှံ့ အသုံးပြုလျက်ရှိသဖြင့် လျှပ်စစ်စွမ်းအင် လိုအပ်ခြင်းကြောင့် ယခင်က စွမ်းအင်ရရှိရေးအတွက် ဒီဇယ်၊ ဓာတ်ဆီတို့ကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲခဲ့ရကြောင်း၊ ယခုအခါတွင် လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို တပ်ဆင်အသုံးပြုလာနိုင်သဖြင့် ကျေးရွာ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်နိုင်သဖြင့် နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကူညီဆောင်ရွက်ပေးမှုတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ အစင်စုံပြကျေးရွာ လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်မြတ်မိုးနှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မြင့် တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ကုန်ကျစရိတ်သက်သာ

ထို့နောက် အစင်စုံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးကျော်မောင်က ကျေးဇူးတင်စကားပြောကြားရာတွင် အစင်စုံပြကျေးရွာသည် ရေးမြို့နယ်၏ အနောက်ဘက်တွင်တည်ရှိပြီး ပင်လယ်ကမ်းခြေနှင့် ထိစပ်နေသည့်ကျေးရွာဖြစ်ကြောင်း၊ ကျေးရွာ၏ စီးပွားရေးသည်ရေလုပ်ငန်းဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ၌ စက်သုံးဆီဈေးနှုန်းမြင့်မားမှုကြောင့် လျှပ်စစ်မီးရရှိရန် အခက်အခဲ ရှိလာကြောင်း၊ အစင်စုံပြကျေးရွာ၏ လိုအပ်ချက်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လျှပ်စစ်မီး ရရှိအောင် လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို တပ်ဆင်ပေးလိုက်ခြင်းကြောင့် ကျေးရွာနေ ပြည်သူများ အနေဖြင့် နှစ်ထောင်းအားရကျေနပ်ဝမ်းသာဖြစ်ရပါကြောင်း၊ ပင်လယ်ကမ်းခြေနှင့် ထိစပ်နေသည့် မိမိတို့၏ အစင်စုံပြကျေးရွာ၌ ကျေးရွာနှင့်ကိုက်ညီသော လေအားသုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကို တပ်ဆင်အသုံးပြုသည့်အတွက် ကျေးရွာနေပြည်သူများ ကုန်ကျစရိတ်သက်သာစွာနှင့် လျှပ်စစ်မီးကို အသုံးပြုနိုင်တော့မှာဖြစ်ကြောင်းနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

မွန်ပြည်နယ် ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အစင်စုံပြကျေးရွာ၌ ကျေးလက်စကားဝိုင်းများဖွဲ့၍ ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီးဆွေးနွေးကြစဉ်။
(သတင်းစဉ်)

မွန်ပြည်နယ် ရေးမြို့နယ် အစင် စုံပြကျေးရွာ၌ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များက သက်ကြီး အဘိုး၊ အဘွားများအား မျက်မှန်များ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကျောင်းရွာစုံပြကျေးရွာနှင့် အစင်စုံပြကျေးရွာတို့၏ လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်များကို ဒေသခံ တပ်နယ်မှ ဗိုလ်မှူးကြီးချိုထွန်းအောင် လှည့်လည်ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲကျင်းပနေသည့် တစ်ချိန်တည်းမှာပင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပါဝင်သော အဖွဲ့သည် ဒေသခံပြည်သူစုစုပေါင်း ၅၈၂ဦးတို့အား အခမဲ့ဆေးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

အလားတူ လူမှုရေးအသင်းအဖွဲ့များ ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်း ကျေးလက်စကားဝိုင်းများ ဖွဲ့စည်းပြီး ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အစင်စုံပြကျေးရွာ စာကြည့်တိုက်သို့လည်း မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးသန့်ဇင်နှင့် ဦးမျိုးညွန့်တို့က အလှူငွေကျပ် နှစ်သောင်းနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းတို့ရှိ ကျေးလက်ဒေသများပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့များ၏ အင်အားကိုရယူပြီး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက နေ့မအားညမနား ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း အမျိုးသားရေးအသိဖြင့် ဟန်ချက်ညီညီ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရေးမြို့နယ် အစင် စုံပြကျေးရွာ လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲတွင် ကျေးရွာ အသင်းစည်းရုံးရေးမှူး ဦးအောင်မြတ်မိုးနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မြင့်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် မွန်ပြည်နယ် အတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သော ကျေးလက်ဒေသများအနက် ရေးမြို့နယ် ကျောင်းရွာစုံပြကျေးရွာနှင့် အစင်စုံပြကျေးရွာ တို့သည်လည်း ပါဝင်ကာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

ကျောင်းရွာစုံပြကျေးရွာ၌ ကျန်းမာရေး စောင့်ရှောက်မှု အတွက် တိုက်နယ်ဆေးရုံရှိခြင်းကြောင့် ကျေးရွာများရှိ ပြည်သူလူထုများသည် ဆေးဝါးကုသမှုကို အလွယ်တကူ ခံယူနိုင်ကြပြီး ကျန်းမာရေး စောင့်ရှောက်မှုကို ကောင်းမွန်စွာ ခံယူနေကြပြီဖြစ်သည်။

ကျောင်းရွာစုံပြကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းခွဲရှိသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်ခြင်း၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိခြင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်နိုင်ခဲ့ခြင်း တို့ကြောင့် ကျေးရွာနေပြည်သူများ ဗဟုသုတအသိပညာ တိုးပွားနေခြင်း၊ ကျေးရွာ၌ ဥယျာဉ်ခြံကြီးများ၊ စိုက်ခင်းများ၊ နှစ်ရှည်သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ အစင်စုံပြကျေးရွာမှ ရေးမြို့သို့ ရေလမ်းမှ ခုနစ်မိုင်ခွဲ၊ ကားလမ်းမှ ငါးမိုင်ခွဲတို့ဖြင့် ရာသီမရွေး နေ့ညသွားလာနိုင်ခြင်း၊ ရေလုပ်ငန်းဖြင့် စီးပွားရေးဖြစ်ထွန်းပြီး အအေးခန်းစက်ရုံများ၊ ငါးမှုန့်ကြိတ်စက်ရုံများတည်ရှိသဖြင့် ကျေးရွာနေပြည်သူများ အလုပ်အကိုင်ရရှိပြီး စီးပွားရေးဝင်ငွေ ဖွံ့ဖြိုးတိုးတက်နေခြင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှိသဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရန် လေ့လာဖတ်ရှုနိုင်ခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိပြီး သင်ထောက်ကူပစ္စည်းများရှိသဖြင့် ကွန်ပျူတာပညာရပ်များကိုပါ ကျောင်းသား ကျောင်းသူများ သင်ယူဆည်းပူးနိုင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် သားဖွားခန်းရှိသဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ကောင်းစွာရရှိနေခြင်း၊ ကျေးလက်တယ်လီဖုန်းများ တပ်ဆင်ထားသဖြင့် မြန်မာနိုင်ငံအနှံ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာ၌ လျှပ်စစ်ဓာတ်အားရှိပြီး ယခုအခါ လေအားသုံး လျှပ်စစ်ဓာတ်အားကို အသုံးပြုလာနိုင်သဖြင့် မြန်မာ့ရုပ်မြင်သံကြားနှင့် ဂြိုဟ်တုစလောင်းများမှ ထုတ်လွှင့်သော အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်ခြင်း၊ တိုက်တာအိမ်ခြေများနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာသကဲ့သို့ သာသနိက အဆောက်အအုံများလည်း ကြည်ညိုတင့်တယ်စွာ တည်ရှိနေသဖြင့် ကျေးလက်နေပြည်သူတို့၏ လူနေမှုအဆင့်အတန်းသည် ယခင်ကနှင့်မတူ များစွာ ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်။ (သတင်းစဉ်)

အောက်တိုဘာ ၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်ဇနီးတို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Col; Yayat Hidayatနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၇ မှ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဒေါက်တာခင်မောင်ဝင်း၊ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်ဆရာကြီး ဒေါက်တာမောင်ဒီ၊ အခြေခံပညာဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးခင်မောင်ဖြူနှင့် မြန်မာစာအဖွဲ့ဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဆရာကြီးဦးမောင်မောင်စိုးတင့်တို့အား ဂါရဝပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာထမ်းဆောင်ခဲ့ကြသည့် ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာ ဦးတိုးအောင်နိုင်၊ မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အက်စတာခင်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြငွေးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် "ပညာရှာ၏ဓာတ်ဆရာ"ခေါင်းစဉ်ဖြင့် ဆောင်းပါး ပြိုင်ပွဲပထမဆုရ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာသန်းဝင်း၊ ဒုတိယဆုရ မအူပင်တက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်ချိုချိုတင့်နှင့် တတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေး သဘောတရားဌာနမှ နည်းပြ ဒေါ်မြင့်မြင့်စန်းတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် "ပညာရှာ၏ဓာတ်ဆရာ" ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲပထမဆုရ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်ဦး(မြင့်မြင့်ဦး–ပညာရေး)၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်(ငြိမ်း)ဦးလှကျော်နှင့် တတိယဆုရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်လှအေးယဉ်(ခိုင်နန်းစံ)တို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်"ပညာရှာ၏ဓာတ်ဆရာ"ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်း မြစ်သားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမဒေါ်သူဇာတင်၊ဒုတိယဆုရ မန္တလေးတိုင်း လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(ကန်လှ)မှ အလယ်တန်းကျောင်းအုပ်(ငြိမ်း) ဦးတိုက်စိုးနှင့် တတိယဆုရ မန္တလေးတိုင်း သာစည်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာဦးစိုးမြင့်(ဖိုးရာဇာ)တို့အားလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် "ပညာရှာ၏ ဓာတ်ဆရာ" ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမဒေါ်သဇင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်အခြေခံပညာ မူလတန်းကျောင်း(ပုညာ)မှ မူလတန်းပြဆရာဦးစံရွှေနှင့်ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့နယ်ဂုမ္ဘကွင်းရွာအခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာ ဦးစိုးဝင်း(ဝင်းကျော်စိုး)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် "ဘက်စုံထူးချွန်ဆရာမွန်"ခေါင်းစဉ်ဖြင့်စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မော်လမြိုင်ပညာရေးကောလိပ် ဒုတိယနှစ်(သိပ္ပံ)(လုပ်ခွင်ကြို)ကျောင်းသူ မခိုင်ဝတ်ရည်၊ ဒုတိယဆုရ ရန်ကင်းပညာရေးကောလိပ်ဒုတိယနှစ်(ဝိဇ္ဇာ)(လုပ်ခွင်ကြို) ကျောင်းသူမနီလာတင်နှင့် တတိယဆုရ သဃ်္ဃန်းကျွန်းပညာရေးကောလိပ်ဒုတိယနှစ်(သိပ္ပံ)(လုပ်ခွင်ကြို)ကျောင်းသူ မဥမ္မာခိုင်တို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် "ဘက်စုံထူးချွန်ဆရာမွန်"ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ တနင်္သာရီတိုင်း မြိတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ရဲထက်အောင်၊ ဒုတိယဆုရ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူမဇွန်ဦးလှိုင်နှင့် တတိယဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်စိုင်းထောင်းခမ်းတို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်"ဘက်စုံထူးချွန်ဆရာမွန်"ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ရှိန်းထက်ပိုပို၊ ဒုတိယဆုရ ကရင်ပြည်နယ် မြဝတီအခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မနီလာထွန်းနှင့် တတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကျော်နိုင်ထက်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းက ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် "ကျေးဇူးကမ္ဘာတို့ဆရာ"ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲပထမဆုရ ကျောက်ဖြူပညာရေးကောလိပ် ဆရာအတတ်သင်ပညာဒီပလိုမာ (၂/၂၀၀၅) သင်တန်းမှ ကျောင်းသူမစန္ဒာမြိုင်၊ ဒုတိယဆုရ ပုသိမ်ပညာရေးကောလိပ်မှ ဒုတိယနှစ်(သိပ္ပံ)(လုပ်ခွင်ကြို)ကျောင်းသားမောင်ကျော်သူမြင့်ထွန်းနှင့် တတိယဆုရမော်လမြိုင်ပညာရေးကောလိပ်မှ ဒုတိယနှစ်(လုပ်ခွင်ကြို)ကျောင်းသူ မနှင်းနန္ဒာလင်းတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် "ကျေးဇူးကမ္ဘာ တို့ဆရာ" ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲပထမဆုရ တနင်္သာရီတိုင်းမြိတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသားမောင်သန့်အောင်ဖြိုး၊ ဒုတိယဆုရ ကရင်ပြည်နယ်မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသားမောင်အောင်ဆန်းမင်းနှင့် တတိယဆုရ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ချောင်းရင်း)မှ အဋ္ဌမတန်းကျောင်းသူ မဆုမြတ်နွယ်တို့အားလည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် "ကျေးဇူးကမ္ဘာတို့ဆရာ"ခေါင်းစဉ်ဖြင့်ကဗျာပြိုင်ပွဲ ပထမဆုရမွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မနှင်းအေးမိုးလွင်၊ ဒုတိယဆုရ တနင်္သာရီတိုင်းထားဝယ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မကေသီစိုးနှင့်တတိယဆုရပဲခူးတိုင်းကျောက်တံခါးမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း ပဲနွယ်ကုန်းမှ သတ္တမတန်းကျောင်းသူ မရွှေယမင်းဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် သံတမန်များ၊ ဂုဏ်ထူးဆောင် ဆရာကြီးများ၊ ဧည့်သည်တော်များ၊ ထူးချွန်ဆရာ ဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးသည်။

ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုခံ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် **ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်း**သည် ၁၉၅၈ ခုနှစ်မှာ ယေးတက္ကသိုလ် (Yale University) မှ ပါရဂူဘွဲ့ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် နည်းပြအဆင့်မှ ပါမောက္ခအဆင့် အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၂ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ အငြိမ်းစားယူခဲ့သည်။

ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ စာမတတ်သူပပျောက်ရေး အစီအစဉ်ဖြစ်သည့် "အ" သုံးလုံးသင်တန်းကိစ္စများမှာ ဦးဆောင်ခဲ့ပြီး ဒေသကောလိပ်များ စတင်ဖွင့်လှစ်နိုင်ရေးနှင့် တက္ကသိုလ်စာပေးစာယူသင်တန်းများကို စတင်ဖွင့်လှစ်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနမှာ အကြံပေးပုဂ္ဂိုလ်အဖြစ် ယနေ့အထိတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ဆရာကြီးဒေါက်တာမောင်ဒီ သည် ၁၉၅၈ ခုနှစ်တွင် (London University)မှ ပါရဂူဘွဲ့ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ သရုပ်ပြအဆင့်မှ ပါမောက္ခချုပ်အဆင့်အထိတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ အငြိမ်းစားယူခဲ့သည်။ ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ ရန်ကုန်တက္ကသိုလ်မှာ ယခင်ကရပ်ဆိုင်းထားသည့် အင်္ဂလိပ်စာ၊ မနုဿဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေး အထူးပြုဘာသာရပ်များ သင်ကြားနိုင်ရန် စတင်ဆောင်ရွက်ခဲ့ပြီး၊ သမိုင်းသုတေသနဌာနဖွဲ့စည်းရေး အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းပင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှာ အကြံပေး ပုဂ္ဂိုလ်အဖြစ် ယနေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဆရာကြီးဦးခင်မောင်ဖြူ သည်၁၉၅၈ခုနှစ်မှာပညာရေးမဟာဌာနမှ B.Ed ဘွဲ့ကိုရရှိခဲ့ပြီး အခြေခံပညာကဏ္ဍမှာ အထက်တန်းပြဆရာအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်မှာ အငြိမ်းစားယူခဲ့ပြီး ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် ယနေ့အထိတာဝန်ထမ်းဆောင်လျက်ရှိသည်။ ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပညာတန်ဆောင်မဂ္ဂဇင်းပိုမိုပြန့်ပွားတိုးတက်လာစေရန် ယနေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဆရာကြီးဦးမောင်မောင်စိုးတင့် သည် ၁၉၅၃ ခုနှစ်မှာ ဝိဇ္ဇာပညာရေးဘွဲ့ကိုရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် Hawaii University မှ M.Ed ဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်မှာ U.K နိုင်ငံမှ အက်ဖ်၊ အာ၊ အက်စ်၊ အေ (FRSA) ဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့သည်။ အခြေခံပညာကဏ္ဍမှာ အထက်တန်းကျောင်းအုပ်အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၂ ခုနှစ်မှာ မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်မှာ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ခုနှစ်မှာ အငြိမ်းစားယူခဲ့သည်။ "လူတိုင်းအတွက်ပိဋကတ်သုံးပုံ၊ တွေးခေါ်ခံစားသည်၊ အတွေးအသစ်နဲ့အချစ်၊ ပိဋကတ်တော်လာအေးငြိမ်းခြင်းနိဗ္ဗာန်" အစရှိသည့် စာအုပ်များကို ပြုစုရေးသား ခဲ့သည်။ ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ဥက္ကဋ္ဌအဖြစ် ယနေ့အထိ ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ထူးချွန်ဆရာသုံးဦးဖြစ်သည့် ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာ ဦးတိုးအောင်နိုင်သည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက် နံနက်၆နာရီမှာ ဝေါမြို့နယ် မြစ်ကျိုးအထက်တန်းကျောင်းသို့ ကျောင်းထွက်လက်မှတ်ထုတ်ယူမည့် အထက်တန်းကျောင်းသားလေးဦး၊ အခြားဆရာတစ်ဦးတို့နှင့်အတူ ကွမ်းဆိပ်ကျေးရွာမှ စက်လှေဖြင့်ထွက်ခွာခဲ့ရာမှာ မိုးသက်လေပြင်းဒဏ်ကြောင့် စစ်တောင်းမြစ်အတွင်းမှာ စက်လှေနစ်မြုပ်ခဲ့စဉ် ဆရာဦးတိုးအောင်နိုင်သည် ကျောင်းသားများအပါအဝင် စက်လှေပေါ်မှာပါလာသည့်လူများ၏ အသက်ကို ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်အဝစိုက်ထုတ်ပြီး ကြိုးပမ်းကယ်တင်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အက်စတာခင်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့ နံနက်ပိုင်းမှာ လေမုန်တိုင်းတိုက်ခတ်မည့် အရိပ်အရောင်တွေ့ရသည့်အတွက် ကျောင်းသားများကို အပြင်မထွက်စေဘဲ စာသင်ခုံများအောက်မှာ ဝင်ရောက်ပုန်းရှောင်နေကြဖို့ ဆရာမကြီးက အတန်းတစ်တန်းချင်းသို့ သွားရောက်သတိပေးကြပ်မတ်ခဲ့သည်။

ထို့ကြောင့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကမာဝက်အထက်တန်းကျောင်း၏ ကျောင်းဆောင်အမိုးများကျိုးပဲ့ပြီးလွင့်စဉ်သွားသော်လည်း ကျောင်းသား၊ ကျောင်းသူတစ်ဦးတစ်ယောက်မှ ဒဏ်ရာအနာတရမဖြစ်ခဲ့ရာ ဆရာမကြီး ဒေါ်အက်စတာခင်သည် ကျောင်းသား၊ ကျောင်းသူများ၏ အသက်အန္တရာယ်လုံခြုံအောင်ညွှန်ကြားစီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်၊ မိုင်းသောက် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမဒေါ်မြငွေးသည် ၂၀၀၅ခုနှစ်၊ မေလ၁၇ရက်နေ့ ညနေပိုင်းမှာမိုင်းသောက်အင်းရွာမှာ မီးလောင်မှုဖြစ်ပွားခဲ့ရာ၌ မိမိ၏အိမ် မီးထဲပါသွားသည်ကိုပင်ဂရုမပြုနိုင်ဘဲ ကျောင်းသား၊ကျောင်းသူခုနစ်ဦးနှင့် နာမကျန်းလူနာများကို မီးဘေးမှ လွတ်မြောက်အောင်ကယ်တင်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၅

တောင်ဥက္ကလာပမြို့နယ်(၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ခနဲ့ဖြူတိုက် သစ်ကျောင်း၌ (၁၈)ကြိမ်မြောက် ဝိပဿနာခုနစ်ရက်တရားစခန်းကို အောက်တိုဘာ၁၁ ရက်မှ ၁၇ရက်အထိဖွင့်လှစ်မည်ဖြစ်ရာ သစ္စာဒီပက ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများ စရိတ်ငြိမ်း ဝင်ရောက်နိုင်ကြပြီး အောက်တိုဘာ ၁၀ရက်ညနေ ၆နာရီ အရောက် ကြွရောက်ရန် နှိုးဆော်ထားသည်။ (က–ပ)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

အထက(၁) မြောက်ဥက္ကလာပမြို့နယ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၈ ရက်(စနေနေ့)ညနေ ၄နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ဖုန်း ၆၉၀၄၉၃၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ ပဉ္စမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများလက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၏ ပဉ္စမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စေတနာရှင်အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကလည်းကောင်း၊ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကြိုဂုဏ်ပြုဖျော်ဖြေပွဲမှ ရရှိသည့် ငွေကျပ် ၁၁သိန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးအောင်ကျော်မိုး–ဒေါ်ခိုင် (မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ သီရိသုဓမ္မသီဂိ ဒေါ်အေးမြတ်မွန်(ပုဂံဟိုတယ်)က ငွေကျပ်ငါးသိန်း၊ သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–သီဟသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)က ငွေကျပ်သုံးသိန်း၊ (ဦးသိန်းမောင်)– ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၂၀၀၀၇၀၊ ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ်ကုမ္ပဏီ) နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးခင်မောင်ထွန်း (ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ငွေကျပ်သုံးသောင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ငွေကျပ် ၂၅၀၀၀ စုစုပေါင်း အလှူငွေကျပ် ၂၈၅၅၀၇၀ကို ပေးအပ်လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုမွန်မြတ်သည့် ရည်ရွယ်ချက်(၇)ရပ်ဖြင့် ယခင်နှစ်များကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် အစစအရာရာ ပြင်ဆင်ထားပြီး မကြာမီကာလတွင် ပြိုင်ပွဲကြီးကျင်းပတော့မည် ဖြစ်ကြောင်း၊

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များ ပြည်ထောင်စုတစ်ဝန်းရှိ ပြည်နယ်နှင့်တိုင်း အသီးသီးသို့ ပျံ့နှံ့ထိန်းသိမ်းကြခြင်းဖြင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း ပိုမိုနားလည်ချစ်ခင်ရင်းနှီးလာပြီး ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာရင့်သန်လာမှာ ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံချစ်စိတ်ပြည့်ဝစွာဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည့် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ယနေ့ကျင်းပသည့် ပဉ္စမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ရရှိသည့် လှူဒါန်းငွေကျပ် ၄၄၅၅၀၇၀ အပါအဝင် စုစုပေါင်း အလှူငွေကျပ် ၃၃၇၃၀၅၇၀ ရရှိပြီးဖြစ်သည်။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင် လှူဒါန်းလိုပါက ဌာနမှူး ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဖုန်း–၂၅၁၄၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့် ဝါကျွတ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို (၁၃၆၇ခုနှစ်၊ သီတင်းကျွတ်လပြည့်) အောက်တိုဘာ ၁၇ရက် (တနင်္လာနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မြင်းခြံမြို့နေ ဦးဆွေကောက်–ဒေါ်တင်မာချို၊ သားသမီး မြေးတစ်စုတို့က ငွေကျပ် တစ်သိန်း ငါးသောင်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံသို့ လေ့လာရေးထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၅

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီဝင်းဦးဆောင်၍ အဖွဲ့ဝင် ၁၂ဦး ပါဝင်သောအဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အလှအပနှင့် ဆံပင်ပညာဆန်းသစ်မှုများကို လေ့လာရန် အောက်တိုဘာ ၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)** (သတင်းစဉ်)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျောက်ဆည်ခရိုင်အတွင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၅

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ရက်တွင် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဒွေးလှစံပြကျေးရွာ၌ ဘိုးဘွား ၁၉ ဦးအား အာဟာရပစ္စည်းများလှူဒါန်းကြပြီး ကျောင်းနေအရွယ် ကလေး ၅၁ ဦးအတွက် စာရေးကိရိယာများကိုလည်း ပေးအပ်ကြသည်။

ထို့နောက် ဇရပ်ဖြူစံပြကျေးရွာ၌ ဘိုးဘွား ၁၃ဦးနှင့် ကျောင်းနေအရွယ်ကလေး ၃၂ဦး တို့အားလည်းကောင်း၊ စဥ့်ကိုင်မြို့နယ် ဒေါင်းကျစံပြကျေးရွာ၌ ဘိုးဘွားငါးဦးနှင့် ကျောင်းနေအရွယ်ကလေး ၁၂ဦးတို့အား လည်းကောင်း ငွေကျပ် ၁၉၇၇၃၀ တန်ဖိုးရှိ အာဟာရပစ္စည်းများနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ရင်းရင်းနှီးနှီး

အဆိုပါကျေးရွာများ၌ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ၊ စည်းရုံးရေးဌာနကြီး တာဝန်ခံ ဒေါ်သန္တာဘုန်းဝင်းက ဆောင်ရွက်လျက်ရှိသော အမျိုးသမီးရေးရာလုပ်ငန်းများနှင့် စည်းရုံးရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့ခွဲဝင် ရဲအုပ်သီတာရှိန်က လူကုန်ကူးမှု အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ယဉ်ကျေးမှု အဖွဲ့ခွဲခေါင်းဆောင် ဒေါ်လှလှဝင်းက စာရိတ္တနှင့် ပြည်သူ့နီတိ၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်ဝင်းက တိုင်းရင်းသား အားလုံး၏ အမွေဆိုင် ပြည်ထောင်စု စသည်တို့ကို ဟောပြောဆွေးနွေးကြပြီး ဆွေးနွေးချက်များကို စကားဝိုင်းများ ဖွဲ့၍ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီး ထပ်မံဆွေးနွေးကြသည်။

လှူဒါန်း

ထို့နောက် စံပြကျေးရွာသုံးရွာမှ စာကြည့်တိုက်သုံးခုအတွက် သုတ၊ ရသ စာအုပ်စုံ ၆၃၉အုပ်ကို လှူဒါန်းကြပြီး ကျေးရွာသုံးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၄၀၀ကို လက်ခံခဲ့ကြသည်။ ထို့ပြင် ဒေါင်းကျစံပြကျေးရွာ ဖောင်တော်ဦး ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် – ဒေါ်ခင်ခင်လေး၊ သားသမီး မြေးတစ်စုတို့က အစ်ကို ဦးရွှေကြာ၊ အစ်မ ဒေါ်ခင်ခင်အေးတို့အား ရည်စူး၍ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရုပ်ရှင်နေ့နှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပမည့် "မြန်မာ့ရုပ်ရှင်နေ့"နှင့် (၄၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီမှစ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ စုံစုံညီညီ တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့နယ် ဒွေးလှစံပြကျေးရွာတွင် သက်ကြီး အဘိုး၊ အဘွားများအား အာဟာရပစ္စည်းများ လှူဒါန်းပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် စဥ့်ကိုင်မြို့နယ် ဒေါင်းကျစံပြကျေးရွာ ပြည်သူများနှင့် တွေ့ဆုံပြီး အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ စွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) က ကြီးမှူး၍ ဌာနဆိုင်ရာမှ ပညာရှင်များ၊ ပြင်ပလုပ်ငန်းများမှ ပညာရှင်များနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များ ပါဝင်သော Forum on Renewable Energy in Myanmar ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ညနေ ၅နာရီအထိ MICT Park, Room (2005) ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် လူဦးရေ ကန့်သတ်မှုရှိသဖြင့် MICT Park အဆောက် (၆)၊ အခန်း (၅)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၅၂၂၉၄၊ ၆၅၂၂၉၅သို့ ဖြစ်စေ အောက်တိုဘာ ၇ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်

ရန်ကုန် အောက်တိုဘာ ၅

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

အောက်တိုဘာ ၆ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်။

ဇောတနာရာမပရိယတ္တိစာသင်တိုက် သီတင်းကျွတ် အထူးတရားပွဲ

ရန်ကုန် အောက်တိုဘာ ၅

အလုံမြို့နယ် သစ်တောလမ်း ဇောတနာရာမပရိယတ္တိစာသင်တိုက်၌ တရားပွဲများကို ညစဉ် ၇နာရီခွဲမှ စ၍ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၅ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၁၆ရက်တွင် အရှင်ဝီရိယ (တောင်စွန်း)၊ ၁၇ရက်နှင့် ၁၈ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒတို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

(၄၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၁ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့အတွက် စီးတီးမတ် ကော်ပိုရေးရှင်းလီမိတက်မှ ကွန်ပျူတာနှင့် ပရင်တာတစ်စုံကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ယိုစုံများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး အန္တရာယ် ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်များတွင် ယိုစုံနမူနာများကို ဝယ်ယူစိစစ်ရာ အောက်ဖော်ပြပါ ယိုစုံအမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်ရရှိထားခြင်း မရှိသည့်အပြင် ဓာတ်ခွဲစစ်ဆေးချက်အရ အစားအသောက်သုံးခွင့်မပြု ဆိုးဆေးအသုံးပြုထားသဖြင့် စားသုံးရန် မသင့်သော ယိုစုံများဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ယိုစုံ အမှတ်တံဆိပ်
၁။	"ရွှေစင်" ပြင်ဦးလွင်မက်မန်း
၂။	"တောင်ပေါ်သားလေးစိုင်းစိုင်း" တရုတ်ဆီးသီးအစေ့လွတ်
၃။	"ABC" မက်မန်း (မက်မန်းနှင့် သစ်သီးယိုစုံ)

၃။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားသော အစားအသောက် (ယိုစုံ)များမှာ အရည်အသွေး အာမခံချက်ရှိပြီး အန္တရာယ်ကင်းစင်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်ရရှိခြင်း မရှိသေးဘဲ အစားအသောက် (ယိုစုံ)များ ထုတ်လုပ်ခြင်းမပြုလုပ်ပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဆိုသည့်ဂုဏ်ဒြပ်နှင့်အတူ ဆရာ့ကျင့်ဝတ်နှင့်ဝတ္တရားပါ ယှဉ်တွဲဖြစ်ထွန်း အရည်အသွေးပြည့်ဝသော ပညာရေးကို ဖြည့်ဆည်းပေးနိုင်ရေး အရည်အချင်းပြည့်မီသည့် ဆရာများလို လေးစားထိုက်သည့် စံနမူနာပြပုဂ္ဂိုလ်များအဖြစ် ဆရာ့ဂုဏ်သိက္ခာပြည့်ဝ မြင့်မားစွာ ရပ်တည်နေထိုင် တပည့်များကို နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာအောင် သားသမီးများသဖွယ် ပြုစုပျိုးထောင်

ရန်ကုန် အောက်တိုဘာ ၅

အောက်တိုဘာ ၅ ရက်တွင်ကျရောက်သည့် "ကမ္ဘာ့ဆရာများနေ့" (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဌကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ဆရာကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ရရှိခဲ့ကြသော အခြေခံပညာကျောင်းသား၊ ကျောင်းသူလေးများက "မြတ်ဆရာ"သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✧

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ၂၀၀၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေါင်းကြီး ဆောင်းပါး အညွှန်း

☆ *မြန်မာနိုင်ငံသည် ရေ၊ မြေ သဘာဝ သယံဇာတ ကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်က အဆိုပါ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးလာစေရန် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။* (ခေါင်းကြီး) စာမျက်နှာ–၂

☆ *အခုခေတ်က သွေးခွဲဖို့နည်းကများတယ်လေ။ မီဒီယာအမျိုးမျိုးရဲ့ နှိုးဆော်မှုကြောင့် တိုင်းတစ်ပါးဆိုတာ နတ်ဘုံနတ်နန်းလိုပါပဲလို့ ထင်သွားစေပါတယ်။ တကယ်တမ်း နိုင်ငံခြားရောက်တော့မှ ဇာတ်လမ်းက တစ်မျိုးလေ။ ဘယ်လိုပဲဖြစ်ဖြစ် သဘာဝမကျတဲ့ တိုးတက်မှုမျိုးကို မြန်မာ့လူမှု အဖွဲ့အစည်းကလည်း လက်မခံတတ်ပါဘူး။အဲသည်လိုဘုံခန်းနဲ့မြှောက်သလို ငရဲခန်းနဲ့လည်းခြောက်တတ်ကြပါသေးတယ်။*

နှင်းအေးခိုင်၏ ***"လူပီသတဲ့ လူဆိုရင် သေးငယ်တဲ့ သိက္ခာကိုပင် စောင့်ရတယ်"*** (ဆောင်းပါး) စာမျက်နှာ ၈–၉